# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂၁)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၂၄–၁၀–၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကား ပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် အလုပ်အကိုင်ရရှိရေး အတွက်ဖြစ်ကြောင်း၊ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်သူများဆိုသည်မှာ တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရားဝင်နုတ်ထွက်ခွင့် ရရှိခဲ့ကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင်သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ ဖြစ်ပါကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးက လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်လျက်ရှိပြီး ယခု ဤကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်းတွင်လည်း ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် လုပ်ငန်းတာဝန် ၈ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီငါးခုကို ဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ကော်မတီ၏လုပ်ငန်းတာဝန်ပါအချက်များနှင့်အညီ စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများကို အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှု၊ လက်မှုအတတ်ပညာများကို အဆင့်မီစွာ တတ်မြောက်အောင်သင်ကြားလေ့ကျင့်ပေးရေး၊ သင်တန်းတက်ရောက် အောင်မြင်ပြီးသူများကို အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းမှ အသိအမှတ်ပြု လက်မှတ် (Certificate of Recognition) ထုတ်ပေးရေး၊ အသက်မွေးဝမ်းကျောင်း သင်တန်းအမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ်များကို အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းများမှ အသိအမှတ်ပြု၍ အလုပ်နေရာ ခန့်ထားဆောင်ရွက်ပေးရေး၊ ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား အလုပ်သမားဝန်ကြီးဌာနမှ ပြည်တွင်းအလုပ်သမားကတ် (Labour Card) ပြုလုပ်ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်ရရှိရန် ပြည်ပအလုပ်သမားကတ် (OWIC-Overseas Worker Identification Card) ထုတ်ပေးခြင်း၊ Agency များနှင့် ဆက်သွယ်၍ အလုပ်အကိုင် ရှာဖွေပေးခြင်းများကို အလုပ်သမား ဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတာဝန် မထမ်းဆောင်မီ ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် မူလအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၂၄ ရက် ၊ သောကြာနေ့ ။

## နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏ အဓိကပန်းတိုင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက "နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စားနပ်ရိက္ခာ လုံလောက်စွာရရှိနိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မျိုးစေ့ဖွံ့ဖြိုးရေးဌာနများ၊ သုတေသနဌာနများ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း နိုင်ငံအနှံ့ မျိုးကောင်းမျိုးသန့် မျိုးမှန်ရရှိရေးအတွက် သုတေသနလုပ်ငန်းသစ်များ ထပ်မံတိုးမြှင့်အလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ စိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်း ပြည့်မီအောင် ချည်မျှင်ရှည်ဝါ၊ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်တွင်းဖူလုံရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၅)၌ ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ်ဝါးတန်ချိန်များစွာ ထွက်ရှိသည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများအပြင် ဝါးစက္ကူပျော့ဖတ်ကို ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းချမှတ်ပြီး စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများအသုံးပြု၍ အဆင့်မြင့် ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်ကြောင်း၊ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏ အကျိုးသာမက နိုင်ငံ၏ အောင်မြင်မှုလည်းဖြစ်သောကြောင့် မဖြစ်မနေ အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထားသည်။ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)များကိုလည်း ထောက်ပံ့ပေးထားသည်။ အဆိုပါထောက်ပံ့ပေးထားသည့် ဒေသများတွင် ပန်းတိုင်အထွက်တိုး အမှန်တကယ်ရရှိရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဆိုသည့်အတိုင်း နှစ်ရှည်သီးနှံပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးပြီး နိုင်ငံတွင်း သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းကို တိုးမြှင့်ရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေခံအားဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

MSME လုပ်ငန်းရှင်များအနေဖြင့် ဒီဂျစ်တယ်စနစ်၊ နည်းပညာသုံး ထုတ်လုပ်မှုစနစ်နှင့်ပတ်သက်သည့် အသိပညာများရရှိရန် လိုအပ်ပြီး အကျိုးအမြတ်ထက် တည်ငြိမ်ပြီးတိုးတက်မှုကို ဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့တွင် ကျင်းပမည်

**လေရှီး အောက်တိုဘာ ၂၃**

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၌ လေရှီးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

၂၀၂၆ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးအတွက် ကော်မတီ ၁၇ ခု၊ ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းထားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် လေရှီးမြို့နယ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေး ကော်မတီဝင်များ၊ မြို့နယ်နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စုပေါင်းအားဖြင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

၂၀၂၆ ခုနှစ်နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့နယ်တွင် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်နံနက် ၁၀ နာရီက လေရှီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ရာ လုပ်ငန်းဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်း၊ အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့် Schedule များ ရေးဆွဲဆောင်ရွက်ရေးနှင့် လိုအပ်ချက်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀-၀

၀-၀-၀-၀

၀-၀-၀

# သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား Online စနစ်ဖြင့် လျှပ်စစ်ဓာတ်အားခ ပေးဆောင်ပုံအဆင့်ဆင့်အား ရှင်းလင်းပြသ

**သာစည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် လျှပ်စစ်ဓာတ်အားခများကို လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်ရေးအတွက် Online Billing ဖြင့် လျှပ်စစ်ဓာတ်အားခ ပေးဆောင်ပုံအဆင့်ဆင့်အား ရှင်းလင်းပြသပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်မေသဇင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်တို့က လျှပ်စစ်ဓာတ်အား သုံးစွဲသူများအား Online စနစ်ဖြင့် ပေးဆောင်ပုံများကို နားလည်သွားပါက လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှပင် ဓာတ်အားခကို အလွယ်တကူပေးဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် အချိန်မကုန်လူမပင်ပန်းဘဲ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများနှင့် သာစည်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများပူးပေါင်း၍ လျှပ်စစ်ဓာတ်အားခလာရောက်ပေးဆောင်သည့် ဓာတ်အားသုံးစွဲသူများကို Kpay ဖြင့် လျှပ်စစ်ဓာတ်အားခပေးဆောင်ပုံ အဆင့်ဆင့်အား လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ (၄၈၇)

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ အောင်ဇေယျတံတားအနောက်ဘက်တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အစည်းအဝေးတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud De Baecque နှင့် ဥပဒေရေးရာညှိနှိုင်းရေးမှူး Ms. Samindika Dilani Elkaduwe တို့အား ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျီနီဗာကွန်ဗင်းရှင်းများအား ဥပဒေရေးရာဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) အဖွဲ့တို့ ပူးပေါင်း၍ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ နည်းပညာနှင့် ဥပဒေပိုင်းဆိုင်ရာ စိစစ်မှုများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံးနှင့် အခြားသက်ဆိုင်ရာဌာနများပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဒုတိယစစ်ဥပဒေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း)သည် ၂၀၂၅ မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့်အခြေအနေများ၊ လက်ရှိအခြေအနေများအရ မူအားဖြင့် ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့်စက်ရုံနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့် စက်ရုံနှင့်ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်၍ ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ကန်များ တည်ဆောက်ထားရှိမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ RON အရည်အသွေးနိမ့်သောစက်သုံးဆီများအား RON 92, RON 95 နှင့် RON 98 များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား Digital Control စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှု၊ ထုတ်လုပ်ပြီး စက်သုံးဆီများကို ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးနေမှု၊ စက်ရုံသို့ ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောဖြန့်ဖြူးခြင်းများအတွက် ပိုက်လိုင်းသွယ်တန်း၍ Control Station မှ စောင့်ကြည့်ထိန်းချုပ်နေမှု အခြေအနေများကို လေ့လာကြည့်ရှုသည်။

ကြည့်ရှုလေ့လာစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့စက်ရုံတွင် လက်ရှိအသုံးပြုလျက်ရှိသော Control System ကို Digital စနစ်သို့ ပြောင်းလဲအသုံးပြုလိုသည့်အခြေအနေ၊ စက်ရုံရှိ Laboratory အား အဆင့်မြှင့်တင်လိုမှု၊ မိမိတို့ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စက်ရုံသို့ စေလွှတ်၍ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ယူလိုမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ရာ ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့က နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် RON 68 များအား အဆင့်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးနိုင်ရန် အဆင်သင့်ရှိပါကြောင်း ပြန်လည်ဆွေးနွေးသည်။

မကြာမီကာလအတွင်း ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်အဖွဲ့ တစ်ဖွဲ့ကို မြန်မာနိုင်ငံရှိ ရေနံချက်စက်ရုံသို့ စေလွှတ်၍ ဖြစ်နိုင်ခြေဆန်းစစ်မှုများ လေ့လာဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအပေါ် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးမည်ဖြစ်သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ကျောက်မီးသွေး၏ အရည်အသွေးနှင့် ပြည့်မီစွာ စဉ်ဆက်မပြတ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Clean Coal Technology (CCT) ကဲ့သို့သော အဆင့်မြင့်နည်းပညာများအသုံးပြု၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကျောက်မီးသွေးထွက်ရှိသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုပါက ပြည်သူများအနေဖြင့် ချိုသာသောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်မည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဆိုင်ရာ ကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန်ဖိတ်ခေါ်ခဲ့ပြီး အဆင့်မြင့်နည်းပညာများကို စနစ်တကျလွှဲပြောင်းရရှိရေး၊ Human Resources (HR) မြင့်မားစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသည် ထိုက်ချန်းမြို့၏ မြို့ပြဧရိယာအတွင်း၌ပင် တည်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်ဓာတ်အား ထုတ်ယူဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

### မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၃

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုသတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၅ ရက်

သာ လိုတော့သည်။

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃


ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောစီမံကိန်းများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်ရှိ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငလျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲ လုပ်ငန်းအစီအစဉ်များအတွင်း ပေါင်းစည်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးရုံးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNRCO ရုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



## စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၃

စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီ၊ စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ စက်ရုံမှူးများ၊ စိုက်ကွင်းစိုက်ခြံတာဝန်ခံများ၊ စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် တားဆီးကာကွယ်ရေးကဏ္ဍမှအသိပညာပေးရေးလုပ်ငန်းများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ကဏ္ဍစုံ၊ ထောင့်စုံမှ ကျယ်ပြန့်စွာ ဆောင်ရွက်နေသည်ကို သိရှိရကြောင်း၊ အဂတိလိုက်စားမှုတစ်ခုသည် တစ်ဦးတစ်ယောက်၏ အပြုအမူမှ စတင်သော်လည်း အဖွဲ့အစည်းတစ်ခုလုံး၏ ဂုဏ်သိက္ခာကို ဖျက်ဆီးနိုင်သဖြင့် စက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများသည် ကိုယ်ကျင့်တရား၊ တာဝန်ခံမှု၊ သန့်ရှင်းမှုရှိရေးတို့ကို အမြဲလိုက်နာရန် လိုအပ်ကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် ယခုဆွေးနွေးပွဲမှရရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများမှာ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။



သတင်းစဉ်





# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီ ယဲဗ်နာ့ဗင်နီကော့ဗာနှင့်အဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ထိုသို့ ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးနှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက အတူလိုက်ပါ၍ ရှင်းလင်းပြသကြသည်။

ဦးစွာ ပုဂံမြို့ဟောင်းရှိ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်သို့ ရောက်ရှိရာ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးက ပြတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထို့နောက် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ အနုလက်ရာများ၊ မြင်းကပါကျေးရွာရှိ မြစေတီဘုရား၊ ရွှေစည်းခုံစေတီတော်ကြီး၊ ရာဇကုမာရ်ကျောက်စာ၊ မြင်းကပါဂူပြောက်ကြီးဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် နန်းမြင့်မျှော်စင်တို့ကို စိတ်ဝင်တစား သွားရောက်လေ့လာကြသည်။

ယင်းနောက် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းနှင့် ယွန်းအရောင်းဆိုင်ရှိ မြန်မာ့ရိုးရာယွန်းလက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာကြပြီး ထီးလိုမင်းလိုဘုရား၌ ပုဂံဒေသ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြကြောင်း သိရသည်။

သတင်းစဉ်

# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ် ဆက်လက်လက်ခံ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအားပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၃

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍထိခိုက်နစ်နာမှုမရှိစေရန်၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



သီပေါမြို့၌ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၄၃၆ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၁၅၅ ဦးအထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

ယင်းအပြင် သီပေါမြို့သို့ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် သီပေါမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ယနေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၄၂ ဦးတို့အား တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှဆရာဝန်များနှင့် ဆေးရုံမှကျန်းမာရေးဝန်ထမ်းများက အဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ သီပေါမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေး ၃၅၀ တို့အား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။

# မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုကြသည်။

၎င်းနောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု၊ အောက်တိုဘာ ၂၂ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က ကျောင်းတော်ကြီးပေါ်ရှိ ထုပိကာတင်လှူခြင်းမင်္ဂလာအောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ပြိုကျပျက်စီးခဲ့သည့် ဂန္ဓကုဋိတိုက်ရှိ ခုံများတည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အမြန်ဆုံးတင်လှူပူဇော်နိုင်ရေး ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ ပြောကြားကာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**






# ပါမောက္ခချုပ် ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ သီတင်းသုံးတော်မူရန် စံကျောင်းတော်သစ်တည်ဆောက်နေမှုနှင့် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ (ညံတော)ခေတ်မီဈေးသစ်ကြီး တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု






**မန္တလေး အောက်တိုဘာ ၂၃**

ရွှေကျင်နိကာယဥပပဥက္ကဋ္ဌ၊ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ် ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ သီတင်းသုံးတော်မူရန် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ အောင်ချမ်းသာကျေးရွာတွင် စံကျောင်းတော်သစ်တည်ဆောက်နေမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုခဲ့ကြသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား အလှူရှင် ဦးဇော်ဇော် မိသားစုက ဆောက်လုပ်လှူဒါန်းသည့် စံကျောင်းတော်ဆောက်လုပ်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ဦးဇော်ဇော်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တာဝန်ရှိသူများက စီမံကိန်းအတွင်း လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆိုင်ခန်းများ စနစ်တကျ နေရာချထားပေးနိုင်ရေးစီမံဆောင်ရွက်နေမှု၊ မြေယာရှုခင်းများ ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လုပ်ငန်းများချောမွေ့စွာဖြင့် အမြန်ဆုံးပြီးစီးရန် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးတို့ကို ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ တည်ဆောက်ရေးစီမံကိန်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၁၈ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ- မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စုစုပေါင်းပြည်ပနိုင်ငံသား ၁၁၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ



ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်မှအောက်တိုဘာလ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၆၆၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၃၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်နှင့် ရေယာဉ် သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ်သုည ဒသမ ၂၁၆ တန်၊ အခြားသစ် ၁ ဒသမ ၃၅၆ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၅၅၆၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် မြစ်သားမြို့နယ်၊ သာစည်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက်တွင် မုတ္တမဆိပ်ကမ်း (ရွှေပြည်သာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၅၅ မျိုး၊ စားသောက်ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၄၇၅၁၈၇၁၂၂ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Musk ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေ ၄၂၄၀၀၆၅၂၂ ကျပ်) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၈၉၉၁၉၃၆၄၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အမှုတွဲဖွင့်လှစ်**

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာအောက်တိုဘာ ၂၁ ရက်တွင် ဝေါမြို့ရှောင်ကွင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၁၀၀၀၀၀ ကို လည်းကောင်း၊ ထားဝယ်မြို့နယ် ပုံကျွန်းရပ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၄)မှု (ခန့်မှန်းတန်ဖိုးငွေ ၅၀၂၀၇၈၉၂၀၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင် ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ထိုင်းအစိုးရက တရုတ်ခရီးသွားများအတွက် ဘေးကင်းရေးအစီအမံများ လုပ်ဆောင်လျက်ရှိ



**ဗန်ကောက် အောက်တိုဘာ ၂၃**

ထိုင်းအစိုးရသည် တရုတ်ခရီးသွားများအတွက် အလွန်အရေးပါသော ဘေးကင်းရေး အစီအမံများကို လုပ်ဆောင်လျက်ရှိကြောင်း ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ လက်ထောက်အမြဲတမ်းအတွင်းဝန် ဝါနီဒါ ဖန်ဆက်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဗန်ကောက်မြို့တော်၌ ကျင်းပသည့် တရုတ် ခရီးသွားများ ဘေးကင်းစေရေး အစည်းအဝေးတွင် နိုင်ငံတစ်ဝန်း၌ ခရီးသွားဝန်ဆောင်မှုစင်တာ ၇၉ ခုပါရှိသည့် ကွန်ရက်တစ်ခုကို ဖန်တီးပြုလုပ်ထားကြောင်း ၎င်းက ပြောကြားကြသည်။

အဆိုပါအစည်းအဝေးသို့ ခရီးသွားရဲဗျူရို၊ လူဝင်မှုကြီးကြပ်ရေးဗျူရိုနှင့် လေဆိပ်အာဏာပိုင်တို့ အပါအဝင် ထိုင်းဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အကူအညီလိုအပ်သော ခရီးသွားများအနေဖြင့် အရေးပေါ်ဖုန်းနံပါတ် ၁၁၅၅ သို့မဟုတ် အရေးပေါ် အခြေအနေသတင်း ပို့ရန် ထိုင်းခရီးသွားရဲဌာန၏ အက်ပလီကေးရှင်းသို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

အထင်ကရ ခရီးသွားနေရာများတွင် စောင့်ကြည့်ကင်မရာများစွာ တပ်ဆင်ကာ ခရီးသွားများ၏ လုံခြုံရေးကို အလေးပေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံခြားသားခရီးသွားများအတွက် ခရီးသွားအာမခံ အစီအစဉ်များကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုင်းအစိုးရအနေဖြင့် တရုတ်ခရီးသွားများအတွက် လုံခြုံရေးပိုမိုခိုင်မာသော အစီအမံများ ချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ အတိုင်ပင်ခံနှင့် ကောင်စစ်ဝန်ချုပ် ဝူကျန်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွားများ ပိုမိုဆွဲဆောင်ရန် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် ဆန္ဒရှိကြောင်းလည်း ဝူကျန်းက ပြောကြားခဲ့သည်။

ယခုနှစ် ပထမ ကိုးလအတွင်း ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား ၃ ဒသမ ၄၂ သန်းခန့် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ပါကစ္စတန်နိုင်ငံ၌ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍအတွက် လျှပ်စစ်ဓာတ်အားခ လျှော့ချကောက်ခံမည်

**အစ္စလာမာဘတ် အောက်တိုဘာ ၂၃**

ပါကစ္စတန်နိုင်ငံရှိ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍအတွက် လျှပ်စစ်ဓာတ်အားခလျှော့ချကောက်ခံမည့်အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံဖွံ့ဖြိုးရေးအတွက် လက်ဆောင်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် နိုဝင်ဘာလမှ ၂၀၂၈ ခုနှစ်အောက်တိုဘာလအထိ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ၂၂ ဒသမ ၉၈ ရူပီးကို ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စိုက်ပျိုးရေးအတွက် လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ၃၈ ရူပီး ကောက်ခံပြီး စက်မှုလုပ်ငန်းအတွက် ၃၄ရူပီးကောက်ခံသည်။ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားခများလျှော့ချကောက်ခံခြင်းဖြင့် ထုတ်လုပ်မှုများ မြင့်တက်လာမည်ဖြစ်ကြောင်း ရှာဗတ်ရှာရစ်က ပြောကြားသည်။

နိုင်ငံအတွင်း ပြီးခဲ့သည့်နှစ် ဆောင်းရာသီကာလက ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးအစီအစဉ်ကြောင့် စက်မှုလုပ်ငန်းနှင့် လယ်ယာကဏ္ဍတွင် လျှပ်စစ်ဓာတ်အား အများအပြားသုံးစွဲနိုင်ခဲ့ကာ စိုက်ပျိုးသီးနှံများ အများအပြားစိုက်ပျိုးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်ခဲ့ခြင်းကြောင့် အနာဂတ်ကာလတွင် နိုင်ငံ့စီးပွားရေးကို ပိုမိုကောင်းမွန်လာမည်ဟု ၎င်းက ပြောသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



## စင်ကာပူတွင် ပုံမှန်ဖြစ်ပွားလေ့ရှိသော တုပ်ကွေးရောဂါ ရာသီမတိုင်မီဖြစ်ပွားမှုများ စတင်မြင့်တက်နေ

**စင်ကာပူ အောက်တိုဘာ ၂၃**

စင်ကာပူနိုင်ငံသည် ပုံမှန်အားဖြင့် ဒီဇင်ဘာလမှ မတ်လအထိ ပုံမှန်ဖြစ်ပွားလေ့ရှိသော တုပ်ကွေးရောဂါ ရာသီမတိုင်မီ လပေါင်းများစွာစော၍ တုပ်ကွေးရောဂါဖြစ်ပွားမှုများ စတင်မြင့်တက်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကူးစက်ရောဂါများဆိုင်ရာ ဌာနမှရရှိသော အချက်အလက်များအရ ဩဂုတ်လနောက်ဆုံးပတ်မှစ၍ တုပ်ကွေးပိုးတွေ့ရှိသူလူနာအရေအတွက် သိသိသာသာ မြင့်တက်လာခဲ့သည်။

ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အတွင်း စစ်ဆေးခဲ့သည့် နမူနာများအနက် တုပ်ကွေးကဲ့သို့သော ရောဂါလက္ခဏာများ တွေ့ရှိရသူ ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး စက်တင်ဘာလနှောင်းပိုင်းတွင် ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

အဆိုပါဌာန၏ အချက်အလက်များက ယခုနှစ် တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်းသည် ပြီးခဲ့သည့်နှစ် အလားတူကာလထက် ၂၀ ရာခိုင်နှုန်းခန့် ပိုများနေကြောင်းလည်း ဖော်ပြသည်။

ဩဂုတ်လလယ်ပိုင်းမှစ၍ ရာသီတုပ်ကွေးကူးစက်မှုများ တိုးလာသည်ကို တွေ့ရှိရပြီး ယနေ့အချိန်အထိ မြင့်မားနေဆဲဖြစ်သည်ဟု စင်ကာပူကျန်းမာရေးအာဏာပိုင်အဖွဲ့က အတည်ပြုသည်။

လတ်တလော စင်ကာပူ၌ အများဆုံး ကူးစက်ပျံ့နှံ့နေသော ဗိုင်းရပ်စ်ပိုးအမျိုးအစားမှာ ရာသီတုပ်ကွေးကို ဖြစ်စေသည့် တုပ်ကွေးမျိုးကွဲတစ်ခုဖြစ်သော အိတ်ချ်သရီးအင်န်ဝမ်းဖြစ်ကြောင်း သိရသည်။

Mon

## နယူးဇီလန်နိုင်ငံတွင် ပြင်းထန်သည့် လေများ တိုက်ခတ်၊ လျှပ်စစ်မီးပြတ်တောက်ပြီး လေကြောင်းခရီးစဉ်များပျက်သိမ်းရ

**ဝယ်လင်တန် အောက်တိုဘာ ၂၃**

နယူးဇီလန်နိုင်ငံတွင် တစ်နာရီလျှင် ၁၅၅ ကီလိုမီတာ (၉၆ မိုင်) အထိ အရှိန်ပြင်းထန်သည့် လေပြင်းများ တိုက်ခတ်မှုကြောင့် ယမန်နေ့က အိမ်ခြေ ၉၀၀၀၀ ခန့် မီးပြတ်တောက်ခဲ့ရပြီး လေကြောင်းခရီးစဉ် ၁၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

အဆိုပါ လေပြင်းများသည် နိုင်ငံ၏ မိုးလေဝသဌာန၏ အဆိုအရ တောင်ကျွန်းတစ်ခုလုံးနှင့် မြောက်ကျွန်း၏ တောင်ပိုင်းဒေသများကိုပါ ထိခိုက်လျက်ရှိသည်။

နယူးဇီလန် အာဏာပိုင်များက ကန်တာဘာရီနှင့် ဝယ်လင်တန်အပါအဝင် အလယ်ပိုင်းဒေသများတွင် အမြင့်ဆုံး အဆင့်သတ်မှတ်ထားသည့် ရှားပါးသော လေပြင်းအန္တရာယ် သတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် တောင်ကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်းကိုလည်း သတိပေးထားသည်။

ပြည်သူလူထုကို အိမ်တွင်း၌သာ နေထိုင်ရန်နှင့် ခရီးသွားလာခြင်းမှ ရှောင်ကြဉ်ရန်၊ နောက်ထပ် ဖြစ်ပေါ်လာနိုင်သည့် လျှပ်စစ်နှင့် ဆက်သွယ်ရေး ပြတ်တောက်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရန်လည်း တိုက်တွန်းထားသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုသည် တောင်ကျွန်းရှိ အိမ်များတွင် အများဆုံး သက်ရောက်မှုရှိနေသော်လည်း လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်မှုကို တဖြည်းဖြည်း ပြုလုပ်ဆောင်ရွက်နေကြောင်း သိရသည်။

Mon




## တက်စလာကုမ္ပဏီ၏ အမြတ်အစွန်းများ စံချိန်တင် သုံးလပတ်ဝင်ငွေရရှိသည့် အစီရင်ခံပေါ်ထွက်လာပြီးနောက် ကျဆင်းသွားခဲ့သည်ဟု ဆို

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်ဝယ်လက်များက လျှပ်စစ်ကားဝယ်ယူမှုအတွက် အခွန်ဆက်သာခွင့် မကုန်ဆုံးမီ ပြီးခဲ့သည့်လက အလျှင်စလိုဝယ်ယူခဲ့ကြသော်လည်း တက်စလာကုမ္ပဏီသည် စံချိန်တင် သုံးလပတ်ဝင်ငွေရရှိသည့် အစီရင်ခံစာ ပေါ်ထွက်လာပြီးနောက် အမြတ်အစွန်းများ ကျဆင်းသွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါကုမ္ပဏီက စက်တင်ဘာလကုန်အထိ သုံးလတာကာလအတွက် ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ (ပေါင် ၂၁ ဘီလီယံ)ဖြင့် စံချိန်တင်ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလထက် ၁၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။

သို့သော် အကောက်ခွန်များနှင့် သုတေသနလုပ်ငန်းများနှင့် ဆက်စပ်သော အပိုကုန်ကျစရိတ်များအပါအဝင် အကြောင်းအရာအချို့ကြောင့် ကုမ္ပဏီ၏ အမြတ်အစွန်းမှာ အဆိုပါကာလအတွင်း ၃၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

ထိုရလဒ်များသည် အမြင့်ဆုံး အမေရိကန်ဒေါ်လာ ၁ ထရီလီယံအထိ တန်ဖိုးရှိနိုင်ပြီး အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်အတွက် လစာပေးချေမှုအစီအစဉ်အသစ်နှင့် ပတ်သက်၍ ရှယ်ယာရှင်များက နိုဝင်ဘာလတွင် မဲပေးဆုံးဖြတ်မည့် အချိန်မတိုင်မီ ထွက်ပေါ်လာခြင်းဖြစ်သည်။

ရလဒ်များ ထုတ်ပြန်ကြေညာပြီးနောက် အရောင်းအဝယ်အချိန်ပိုအတွင်းတွင် တက်စလာ၏ ရှယ်ယာတန်ဖိုးများမှာ ၃ ဒသမ ၇ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း သိရသည်။

Mon



## ရွှေဈေးနှုန်းများ နှစ်ရက်ဆက်တိုက် ကျဆင်းခဲ့ပြီးနောက် ဝေါလ်စထရီ စတော့ရှယ်ယာများလည်း ဈေးကျသွားခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၂ ရက်တွင် ရွှေဈေးနှုန်းများသည် နှစ်ရက်ဆက်တိုက် ကျဆင်းခဲ့ပြီးနောက် ငါးနှစ်ကျော်အတွင်း အဆိုးရွားဆုံး ကျဆင်းမှု ဆက်လက်ဖြစ်ပေါ်ခဲ့သည့်အပြင် နက်ဖလစ်ရှယ်ယာများ မျှော်မှန်းထားသည်ထက် အားနည်းသော အလားအလာကြောင့် တန်ဖိုးကျဆင်းသွားပြီးနောက် ဝေါလ်စထရီ စတော့ရှယ်ယာများလည်း ဈေးကျသွားခဲ့ကြောင်း သိရသည်။

လက်ငင်းရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၀၆၂ ဒသမ ၃၉ သို့ ၁ ဒသမ ၄၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများက ယခုနှစ်၏ အကောင်းဆုံး အရောင်းအဝယ်များထဲမှ တစ်ခုဖြစ်သည့် ရွှေရောင်းဝယ်မှုမှ အမြတ်ငွေများကို ထုတ်ယူခဲ့ကြသည်။

ထိုသို့ ဈေးအမြင့်မှဆုတ်ခွာသွားသော်လည်း ရွှေသည် ၂၀၂၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းကျော် တိုးမြှင့်ရရှိထားဆဲဖြစ်ပြီး ၁၉၇၉ ခုနှစ် ရေနံအကျပ်အတည်းနောက်ပိုင်း အခိုင်မာဆုံးနှစ် ဖြစ်လာရန် လမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများသည် နည်းပညာကုမ္ပဏီကြီးများဟု ခေါ်ဆိုကြသော ကြီးခုနစ်ကြီးအဖွဲ့၏ ဝင်ငွေရာသီစတင်ခြင်းအဖြစ် တက်စလာမှ ထွက်ပေါ်လာမည့် ရလဒ်ကိုလည်း စောင့်မျှော်နေကြပြီး မွန်းလွဲပိုင်းအရောင်းအဝယ်တွင် တက်စလာရှယ်ယာများသည် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

Mon

STOP AIDS

# အွန်လိုင်း လောင်းကစားလုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ


နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ပြည်တွင်း စီးပွားရေး တည်ငြိမ်စေရေး အတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သောဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များသည် အွန်လိုင်းအခြေပြု လောင်းကစား Website များ တည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ပေါ်ပေါ်ထင်ထင် ကြော်ငြာမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဖော်ထုတ် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

**ဖော်ထုတ်ဖမ်းဆီးရမိ**

ထိုသို့ ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲရပ်ကွက် အမှတ်(၁၈၈)ရှိ Secret Villa Private Resort ၌ Ibet 789 အွန်လိုင်း ဘောလုံးလောင်းကစား Website လုပ်ငန်းလုပ်ကိုင်နေသူများရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ Super Senior Agent ဖြစ်သူ ယဉ်မင်းလှိုင်နှင့် မာရီယာ(ခ)မီးလေး၊ Senior Agent ဖြစ်သူ ဝင်းပပအောင်တို့ အပါအဝင် တရားခံ ၁၄ ဦးနှင့် လက်ကိုင်ဖုန်း ၂၃ လုံး၊ မော်တော်ယာဉ် သုံးစီးတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်း

**တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေ**




ဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းရပ်ကွက် ရတနာလမ်း အမှတ်(၉၉)ရှိ The Lord စားသောက်ဆိုင်အနီး၌ Super Senior Agent ဖြစ်သူ ဖြိုးမင်းသူ(ခ)ရောင်နီ အပါအဝင် တရားခံသုံးဦးနှင့်အတူ လက်ကိုင်ဖုန်းငါးလုံး၊ မော်တော်ယာဉ် သုံးစီးတို့ကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) ခေမာလမ်း အမှတ် (၆၇၆) ရှိ နေအိမ်၌ Ibet 789 အွန်လိုင်းလောင်းကစား လုပ်ငန်းလုပ်ကိုင်ရန် စည်းရုံးသိမ်းသွင်းခဲ့သည့် Super Senior Agent ဖြစ်သူ ဇင်မင်းအောင်(ခ) ဇင်ကြီး အပါအဝင် တရားခံသုံးဦးနှင့်အတူ လက်ကိုင်ဖုန်း ခုနစ်လုံး၊ လက်တော့ပ်တစ်လုံး၊ မော်တော်ယာဉ်တစ်စီး တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် လမ်း ၄၀၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြားရှိ Focus ဟိုတယ်၌ Super Senior Agent ဖြစ်သူ ပြည့်ဖြိုးအောင် (ခ)မင်းထက်၊ Agent ဖြစ်သူ မေမြတ်နိုးတို့နှင့်အတူ လက်ကိုင်ဖုန်းငါးလုံး၊ လက်တော့ပ်တစ်လုံး၊ မော်တော်ယာဉ်တစ်စီး တို့ကိုလည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၂) ရပ်ကွက် Eleven Minimart ရှေ့၌ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင် တရားခံ ငါးဦးနှင့်အတူ လက်ကိုင်ဖုန်းကိုးလုံး၊ Tablet နှစ်လုံးတို့ကို လည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် Ibet 789 Online ဘောလုံးလောင်းကစား Website၊ 555 Mix ဘောလုံးလောင်းကစား Website၊ Moung 556 ဘောလုံးလောင်းကစား Website၊ Batman 688 Slot လောင်းကစား Website၊ Shan 234 ဖဲလောင်းကစား Website နှင့် 2D/3D လောင်းကစား Website စသည့် လောင်းကစားလုပ်ငန်းတို့တွင် ကော်မရှင်စား Agent များအဖြစ် အလုပ်လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားရကြောင်း၊ Agent အဖြစ် လုပ်ကိုင်ခွင့်ရရှိပါက User များရရှိရန်အတွက် ၎င်းတို့၏သက်ဆိုင်ရာ လောင်းကစား Website များ၏ Facebook Group နှင့် Telegram Group တို့တွင် Viber ဖုန်းနံပါတ်များ

စာမျက်နှာ ၁၀ သို့



မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ယဉ်မင်းလှိုင် အပါအဝင် ကျား ငါးဦး၊ မ ကိုးဦး စုစုပေါင်း ၁၄ ဦး မှတ်တမ်းဓာတ်ပုံ။



ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင် ငါးဦး၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကင်းမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဖြိုးမင်းသူ(ခ) ရောင်နီ အပါအဝင် သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



ပြင်ဦးလွင်မြို့၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဇင်မင်းအောင်(ခ) ဇင်ကြီး အပါအဝင် သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ပြည့်ဖြိုးအောင်(ခ) မင်းထက်နှင့် မေမြတ်နိုးတို့၏ မှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ သိန်းကျော်နှင့် ဘိန်းဖြူ ၂၉ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ သိန်းကျော်နှင့် ဘိန်းဖြူ ၂၉ ကီလိုကျော်သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

## သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီးတွင် ငြိမ်းချမ်းမောင်(ခ)ကုလားလေး မောင်းနှင်လာသော FORLAND အမျိုးအစားယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ထူးအောင်ကျော်ကို စစ်ကိုင်းမြို့နယ် ညောင်ပင်စင်ကျေးရွာအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့မှ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူမှာ မန်တုံမြို့နယ်နေ ယောရှ (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးများကို မိုင်းရယ်မြို့မှ သယ်ဆောင်လာကြောင်း သတင်းကွင်းဆက်အရ ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တောင်ဖီလာရပ်ကွက်တွင် ကျော်ဌေး မောင်းနှင်လာသည့် FORLAND အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိ ဘိန်းဖြူများကို ဝယ်ယူသူ ပေါင်ရှန်းဟောက်(ခ)ကိုချင်းအား ယင်းနေ့ညနေ ၅ နာရီတွင် ကလေးမြို့ စက်မှုဇုန်သွားလမ်း၌ ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ ငြိမ်းချမ်းမောင်(ခ)ကုလားလေးနှင့် ထူးအောင်ကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူ ပေါင်ရှန်းဟောက်(ခ)ကိုချင်း၊ ကျော်ဌေး၊ လီလေးနှင့် စိုးမြင့်(ခ)ကုလားလေးတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေး ဖော်ထုတ်ချက်အရ ဘိန်းဖြူများအား မိုင်းရယ်မြို့မှ ကလေးမြို့နယ်သို့ တာဝန်ခံသယ်ဆောင်ခဲ့သူများ ဖြစ်သည့် လီလေးကို ယင်းနေ့ညနေ ၆ နာရီတွင် ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ ဟိုတယ်တစ်ခုတွင် လည်းကောင်း၊ စိုးမြင့်(ခ)ကုလားလေးကို အောက်တိုဘာ ၁၆ ရက် ညနေ ၅ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၇)တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှု ဖြစ်စဉ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၁၃ ဒသမ ဝ၄ ဘီလီယံ) နှင့် ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆၁၅ ဘီလီယံ) စုစုပေါင်း ၎င်းဒေသတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၀၁၅ ဘီလီယံ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၂ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Pyae" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခလုပ်ကျေးရွာနေ ကံသာအား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ခလောက်ချိုက်နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၉ မှ

ပါရှိသည့် သက်ဆိုင်ရာ လောင်းကစား ကြော်ငြာပုံများကို ကြော်ငြာပေးရကြောင်း၊ ယင်းနောက် User များက Viber သို့ ဆက်သွယ်လာသည့် အချိန်တွင် Agent များက လောင်းကစား Website များတွင် ဝင်ရောက်ဆော့ကစားနိုင်ရန် အကောင့်ဖွင့်လှစ်ပေးကြောင်း၊ Agent လုပ်ကိုင်နေစဉ် User များ ပိုမိုရှာဖွေနိုင်ပါက Senior Agent အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း၊ Senior Agent လုပ်ကိုင်နေစဉ် ကော်မရှင်စား Agent များနှင့် User များ ပိုမိုရှာဖွေနိုင်ပါက Super Senior Agent အဖြစ်သို့ ပြောင်းလဲ လုပ်ကိုင်နိုင်ကြောင်း စိစစ်သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ Super Senior Agent များဖြစ်သူ ဇင်မင်းအောင်(ခ)ဇင်ကြီး၊ ဖြိုးမင်းသူ(ခ)ရောင်နီ၊ ပြည့်ဖြိုးအောင်(ခ) မင်းထက်၊ ယဉ်မင်းလှိုင်၊ မာရီယာနှင့် ခင်မောင်ဖြိုး (ခ)ဇော်ဝင်းတို့ခြောက်ဦးက ချိတ်ဆက်ထားသည့် လောင်းကစား Website ရှိ Distributor Agent များထံမှ လောင်းကစားမှုပြုလုပ်နိုင်သည့် ယူနစ်များကို ဝယ်ယူပြီး Senior Agent များဖြစ်သူ ဝင်းပပအောင်နှင့် သက်ဖြိုးနိုင်တို့ နှစ်ဦးအပါအဝင် Senior Agent များအား ညှိနှိုင်းဈေးနှုန်းဖြင့် ပြန်လည်ရောင်းချကြောင်း၊ ထို့နောက် Senior Agent များမှ Master Agent များ၊ Agent များဖြစ်သူ သူရအောင်၊ သိန်းထိုက်အေး၊ မေမြတ်နိုး၊ အောင်မင်းခန့်၊ သိန်းထိုက်စံ၊ ကောင်းမြတ်သူ၊ ထက်ထက်နိုင်၊ ချမ်းမို့မို့ဖြိုး၊ ရတနာတိုးဝေနှင့် သဥ္စာငြိမ်းတို့ ၁၀ ဦးအပါအဝင် Agent များနှင့် လောင်းကစားမှုပြုလုပ်သည့် User များထံသို့ အဆင့်ဆင့်ငွေကြေးအမြတ်ယူ၍ ပြန်လည်ရောင်းချကြောင်း၊ ငွေလွှဲ/ငွေထုတ်ပြုလုပ်ခြင်းများကို မိုးဟိဏ်းထွန်း၊ ဇော်ထိုက်အောင်၊ ဟိန်းဇော်ဦး၊ စုပုံချစ်နှင့် မေသဇင်ထွန်း၊ အေးချမ်းအောင်၊ လျှံဖုန်းပိုင်၊ ဟိန်းသီဟ (ခ)ဂျိုကာနှင့် ငြိမ်းချမ်းမင်းတို့ ကိုးဦးအပါအဝင် ငွေလွှဲ/ငွေထုတ်ပြုလုပ်သူများက KBZ Special Account၊ KBZ Bank Account၊ AYA Bank Account၊ YOMA Bank Account၊ CB Bank Account၊ UAB Bank Account၊ A Bank Account၊ AYA Pay Account၊ Kpay Account နှင့် Wavepay Account များ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသည်။

## သိမ်းဆည်းရမိ

ဖြစ်စဉ်တွင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၇ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ လက်ကိုင်ဖုန်း ၄၉ လုံး၊ လက်ပ်တော့ နှစ်လုံး၊ Tablet နှစ်လုံး၊ ယာဉ်ရှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ထိရောက်စွာ အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ အွန်လိုင်းလောင်းကစားလုပ်ငန်း ပြုလုပ်နေသူများကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ပါရန် အသိပေး သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

သတင်းစဉ်

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး အတွင်းနေထိုင်ကြသော ပြည်သူများ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များဖြစ်ပေါ်စေရန်အတွက် ယမန်နေ့ နံနက် ၆ နာရီခွဲက အ·ထ·က ခွဲ(၁၇)၊ မန္တလေးတောင်အဆင်းလမ်းနှင့် မျက်နှာချင်းဆိုင် Mytel ရုံးတောင်ဘက်၊ ဘုန်းတော်ကြီးရပ်ကွက်၊ အောင်မြေသာစံမြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများ၊ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(ဝ၄ဝ)



# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ၂၃

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့ အလယ်ပိုင်းတို့တွင် အောက်တိုဘာ ၂၄ ရက်၌ လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# နိုင်ငံတကာ အားကစား သတင်းများ

## ချန်ပီယံလိဂ်တစ်ပွဲတည်းတွင် ဆယ်ကျော်သက်ကစားသမား သုံးဦးစလုံး ဂိုးသွင်းနိုင်သည့် ပထမဆုံးအသင်းအဖြစ် ချဲလ်ဆီးအသင်း မှတ်တမ်းဝင်



**လန်ဒန် အောက်တိုဘာ ၂၃**

ချဲလ်ဆီးအသင်းသည် ချန်ပီယံလိဂ်တစ်ပွဲတည်းတွင် ဆယ်ကျော်သက်ကစားသမား သုံးဦးစလုံး ဂိုးသွင်းယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းသည် အေဂျက်စ်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မာ့ခ်ဂူယူ၊ အက်စ်တီဗာအို၊ တိုင်ရီကေးဂျော့စသည့် ဆယ်ကျော်သက် ကစားသမားသုံးဦးစလုံး ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ချန်ပီယံလိဂ် လိဂ်အဆင့်ပွဲစဉ် သုံးပွဲကစားအပြီးတွင် ရမှတ် ခြောက်မှတ်ဖြင့် အဆင့် ၁၁နေရာတွင် ရပ်တည်ခဲ့သည်။ (အပေါ်ပုံ)

ချဲလ်ဆီးအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၆ရက်တွင် ကာရာဘတ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)

## ဟယ်ရီကိန်း ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၀ပြည့်မြောက်

**မြူးနစ် အောက်တိုဘာ ၂၃**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ကလပ်ဘရူဂေးအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုး တစ်ဂိုးသွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၂ပွဲကစားပြီး ဂိုး ၂၀အထိ သွင်းယူထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းအောင်မြင်မှုများ ရရှိအောင်ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* စပါးအသင်းသည် ဂျူဗင်တပ်အသင်းမှ ဗလာဟိုဗစ်နှင့် ပေါ်တိုအသင်းမှ အန်ဂီဟိုဝါတို့အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး အဲဗာရက်ဇ်က မိမိအနေဖြင့် လာမည့် ဈေးကွက်အတွင်းတွင် ထိပ်သီးအသင်းကြီးတစ်သင်းသို့ ပြောင်းရွှေ့ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ (NGB)

## ဖရင်း တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်

**လန်ဒန် အောက်တိုဘာ ၂၃**

လီဗာပူးအသင်း နောက်ခံကစားသမားဖရင်းသည် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ဖရန့်ဖတ်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဖရင်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဖရင်းသည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ကိုးပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

(အောက်ပုံ) (NGB)



## ဥရောပပြိုင်ပွဲ ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် အိုဆင်ဟန်မှတ်တမ်းဝင်



**လန်ဒန် အောက်တိုဘာ ၂၃**

ဂါလာတာစာရေးအသင်း တိုက်စစ်မှူး အိုဆင်ဟန်သည် အသင်းသမိုင်းတစ်လျှောက် ဥရောပပြိုင်ပွဲ ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဂါလာတာစာရေးအသင်းက ဘိုဒိုအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုဆင်ဟန်သည် ယခုနှစ်ဘောလုံးရာသီတွင် ဂါလာတာစာရေးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ရှစ်ပွဲကစားပြီး ငါးဂိုး သွင်းယူထားသည်။ (အပေါ်ဝဲပုံ)

အသက်(၂၆)နှစ်အရွယ်ရှိ အိုဆင်ဟန်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း သွင်းဂိုးတွေသွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## ကိုနေးကို ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၂၃**

မန်ယူအသင်းသည် ရိုးမားအသင်း ကွင်းလယ်ကစားသမား



ကိုနေးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားကာ နှစ်ဂိုး သွင်းယူခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ရိုးမားအသင်းကလည်း ကိုနေးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်း အနေဖြင့် ရိုးမားအသင်းထံမှ ကိုနေးအား ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## 2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Belinda Bencic တက်ရောက်

**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic တက်ရောက်ခဲ့သည်။

အဆိုပါ ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic သည် 2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် Varvara Gracheva ကို ၆-၄၊ ၆-၃ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic နှင့် ချက်တင်းနစ်မယ် Karolina Muchova တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)

0-0-0-0-0-0-0



### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၁)ပါရီ – နန့်တက်စ်(၁၅) | နန့်တက်စ် ၂-၃ ပါရီ | ပါရီ(အိမ်) | ၃ | ၂ | - | ၁ | ၇ | ၅ |
| နံနက် ၀၁:၁၅ နာရီ | (W,L,D,W,L) (L,D,D,D,L) | (၉-၈-၂၀၂၅ ခြေစမ်းပွဲ) | နန့်တက်စ်(ဝေး) | ၄ | ၁ | ၁ | ၂ | ၃ | ၅ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)ဗယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၂)ဝါဒါဘရီမင် – ယူနီယံဘာလင်(၉) | ဝါဒါဘရီမင် ၄-၁ ယူနီယံဘာလင် | ဝါဒါဘရီမင်(အိမ်) | ၃ | ၁ | ၁ | ၁ | ၄ | ၆ |
| နံနက် ၀၁:၀၀ နာရီ | (W,L,L,W,D) (L,W,D,L,W) | ယူနီယံဘာလင် ၂-၂ ဝါဒါဘရီမင် | ယူနီယံဘာလင်(ဝေး) | ၃ | ၁ | - | ၂ | ၄ | ၈ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁)အေစီမီလန် – ပီဆာ(၂၀) | အေစီမီလန် ၁-၀ ပီဆာ | အေစီမီလန်(အိမ်) | ၄ | ၃ | - | ၁ | ၆ | ၄ |
| နံနက် ၀၁:၀၀ နာရီ | (W,W,W,D,W) (L,L,D,L,D) | ပီဆာ ၀-၁ အေစီမီလန် | ပီဆာ(ဝေး) | ၃ | - | ၁ | ၂ | ၃ | ၈ |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၁)ပရက်စတန် – ရှက်ဖီးလ်Utd(၂၁) | ပရက်စတန် ၀-၂ ရှက်ဖီးလ်Utd | ပရက်စတန်(အိမ်) | ၆ | ၃ | ၂ | ၁ | ၇ | ၄ |
| နံနက် ၀၁:၃၀ နာရီ | (D,D,W,L,L) (W,L,L,W,W) | ရှက်ဖီးလ်Utd ၁-၀ ပရက်စတန် | ရှက်ဖီးလ်Utd(ဝေး) | ၆ | ၂ | - | ၄ | ၄ | ၉ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၆)လိဒ်စ် – ဝက်စ်ဟမ်း(၁၉) | လိဒ်စ် ၂-၂ ဝက်စ်ဟမ်း | လိဒ်စ်(အိမ်) | ၄ | ၁ | ၂ | ၁ | ၄ | ၄ |
| နံနက် ၀၁:၃၀ နာရီ | (L,W,D,L,L) (L,L,D,L,L) | ဝက်စ်ဟမ်း ၃-၁ လိဒ်စ် | ဝက်စ်ဟမ်း(ဝေး) | ၄ | ၁ | ၁ | ၂ | ၄ | ၆ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၈)ဆိုစီဒက် – ဆီဗီလာ(၉) | ဆိုစီဒက် ၀-၁ ဆီဗီလာ | ဆိုစီဒက်(အိမ်) | ၄ | ၁ | ၁ | ၂ | ၄ | ၅ |
| နံနက် ၀၁:၃၀ နာရီ | (L,W,L,L,D) (W,L,W,W,L) | ဆီဗီလာ ၀-၂ ဆိုစီဒက် | ဆီဗီလာ(ဝေး) | ၄ | ၃ | - | ၁ | ၇ | ၄ |

## ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၈နာရီခွဲက (င)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်ကြီးတံခွန်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး (င)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက အုပ်ချုပ်ရေးမှူးရုံးသစ် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (င)ရပ်ကွက်နေ ရပ်မိ၊ ရပ်ဖ ဒေါ်အေးချမ်းစုက ရပ်ကွက်ရုံးဖွင့်လှစ်ရခြင်းအပေါ် အားပေးစကားပြောကြားသည်။ (ဓဲပုံ)

ထို့နောက် (င)ရပ်ကွက်ရုံးသစ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်လှူဒါန်းပေးကြသော စေတနာရှင် မိဘပြည်သူများကို ပြည်ကြီးတံခွန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက် အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ရုံးအဆောက်အအုံ ကုန်ကျငွေမှာ ကျပ်သိန်း ၆၈၀ ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းမောင်**

၀-၀-၀-၀-၀-၀




## ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း လုပ်ငန်းများစဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး စိတ်ဓာတ်ခွန်အားဟောပြော

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ မန္တလေးလျှောင်ကြီးကြောင့် အသင်းဝင်မိသားစုများ တိုက်တာနေအိမ်များ ပျက်စီးမှုရှိပြီး လုပ်ငန်းများ ထိခိုက်မှုရှိခဲ့သော်လည်း " အကျပ်အတည်းတွေ ရင်ဆိုင်နေရပေမယ့် မိမိလုပ်ငန်းများက ရပ်တန့်လို့ မရဘူး From Crisis to Continuity:Developing a Business Continuity Mindset ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မဟာအောင်မြေမြို့နယ်၊ ၅၃လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ Hotel Hazel ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပါမောက္ခဒေါက်တာအောင်ထွန်းသက်က မမျှော်လင့်ထားသောငလျင်ဘေးနှင့် သဘာဝဘေးအန္တရာယ်များ၊ အကျပ်အတည်းအချိန်မှ လုပ်ငန်းများပြန်လည်စတင်လည်ပတ်ခြင်း၊ သဘာဝဘေးအန္တရာယ်သတင်းအချက်အလက်များကို ဝန်ထမ်းများ ကာကွယ်နိုင်ရေး လက်တွေ့ကျသည့် နည်းပညာအကြောင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(ဝ၄၅)

## စားသောက်ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေး၊ ဥပဒေနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ရာ၌ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းလတ်နှင့်ဝန်ထမ်းများက ဝင်းရှောက်လုံးယို၊ ဒေါ်လာတိုင်းရင်းဆေးနှင့် အာရှသားစားသုံးဆီစက်တို့မှ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ ထုတ်ကုန်များတွင်ပါဝင်သည့် ပါဝင်ပစ္စည်းများ၊ ထားသိုနည်းများ၊ စားသုံးရန်အညွှန်းများ၊ သတိပြုရန်အချက်အလက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိပြီး ထုတ်ကုန်ပစ္စည်းများ ရောင်းချရာ၌ စားသုံးရန်မသင့်သည့် ဓာတ်ပစ္စည်းများ ပါဝင်မှုမရှိစေရေး၊ သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်းများနှင့် ကုန်ချောပစ္စည်းများဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချရေး၊ ကျန်းမာရေးနှင့်အညီ သန့်ရှင်းသပ်ရပ်စွာ ထုတ်ပိုးသိမ်းဆည်းသယ်ယူရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

(၄၈၅)



## လယ်ယာကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီးမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိုးညှင်း အောက်တိုဘာ ၂၃**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဆယ်မိုင်ကျေးရွာတွင် ယခုဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ဆယ်မိုင်ကျေးရွာအတွင်းရှိ လယ်ယာကုန်ထုတ်လမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းကြရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း ဦးဆောင်သည့် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆယ်မိုင်ကျေးရွာတွင် ယခုဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တင်ဒါအောင်သည့် ထူးထက်အောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သော မြေသား၊ သဲကျောက်ခင်းခြင်းလုပ်ငန်းဖြစ်သည့် လယ်ယာကုန်ထုတ်လမ်းအား ကွင်းဆင်းစစ်ဆေးကြရာ တာဝန်ခံအင်ဂျင်နီယာက အဆိုပါလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆယ်မိုင်ကျေးရွာ လယ်ယာကုန်ထုတ်လမ်းဖြစ်သည့် မြေသား၊ သဲကျောက်ခင်းခြင်းကို လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ လုပ်ငန်းနှင့် ရေမြောင်းခုနစ်စင်း၊ Box Culvert လေးစင်းပါရှိသည့် လုပ်ငန်းများကို ဇွန်လ ဒုတိယပတ်တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## ထုတ်ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှုရှိစေရန် ဈေးကွက်မရောက်မီ ကုန်စည်ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၃**

ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိစေရေးနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာထည့်သွင်းဖော်ပြရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းနှင့်ပတ်သက်၍ ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိစေရေးအတွက် ဈေးကွက်ရောက်ပြီး ကုန်စည်များအပြင် ဈေးကွက်မရောက်မီကုန်စည်များကိုလည်း စောင့်ကြည့်စစ်ဆေးလျက်ရှိရာ စားသုံးသူကာကွယ်ရေး ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းအကြောင်းအရာများကို စီးပွားရေးလုပ်ငန်းရှင်များ သိရှိစေရေး လုပ်ငန်းစဉ်များကို မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

"ဈေးကွက်စောင့်ကြည့်စစ်ဆေးတဲ့နေရာမှာ စားသုံးသူကာကွယ်ပေးရေး ဥပဒေရှိခဲ့တာကြောင့် စတိုးဆိုင်၊ စည်ပင်သာယာဈေး၊ ကျောင်းမုန့်ဈေး၊ စူပါမားကတ်တွေ စသည်ဖြင့် ဈေးရောင်းချတဲ့နေရာတွေ တစ်လျှောက်လုံးစစ်ဆေးခဲ့ပါတယ်၊ ဈေးကွက်ရောက်ပြီး ကုန်စည်စစ်ဆေးခြင်းပေါ့။ ပြည်တွင်းက ထုတ်တယ်ဆိုရင်လည်း ထုတ်လုပ်နေတဲ့ ပြည်တွင်းအလုပ်ရုံ၊ စက်ရုံတွေ၊ နိုင်ငံခြားက တင်သွင်းတယ်ဆိုရင်လည်း ဖြန့်ချိရေးကုမ္ပဏီတွေကို စစ်ဆေးခြင်းဖြင့် ဈေးကွက်တစ်ခုလုံးကို လွှမ်းခြုံနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလက စတင်ပြီး ဈေးကွက်မရောက်မီ ကုန်စည်ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ တချို့ကလည်း ဥပဒေကို မလိုက်နာတာမဟုတ်ဘူး၊ နားမလည်တာပေါ့။ တချို့ဆို Label တွေ၊ Mold တွေကို သိန်းချီ၊ သန်းချီထုတ်တဲ့အခါမှာ ဥပဒေနဲ့မညီတာတွေဆိုရင် သိန်းချီ၊ သန်းချီအရှုံးဖြစ်မသွားအောင် ကြိုတင်ကာကွယ်ပြီးသားရတယ်။ ဘယ်အချက်လေးက လိုနေတယ်၊ မကိုက်ညီဘူးဆိုရင် ထပ်ပြီး ဖြည့်စွက်နိုင်တာပေါ့။ တချို့က ဒီဟာဖော်ပြခိုင်းတာကို သူတို့ကို တာဝန်ကြီးတစ်ခုအနေနဲ့ ဥပဒေအရမဖြစ်မနေ လုပ်ခိုင်းတယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ မြေပြင်ကို တကယ်ရောက်ပြီး ရှင်းပြလိုက်တဲ့အခါ ဒီဟာတွေကို ဖော်ပြခြင်းက စားသုံးသူကာကွယ်ရေး ဥပဒေမှာဆိုရင် မှန်ကန်ရှင်းလင်းတဲ့ သတင်းအချက်အလက်ပေးရမယ်၊ ပေးတဲ့အတိုင်း တာဝန်ယူဆောင်ရွက်ပေးရမယ်ဆိုတဲ့ အချက် နှစ်ချက် သိရင်ရပါပြီ" ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးထွန်းက ပြောသည်။

သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်မှုမရှိသည့် လုပ်ငန်းများကို သတ်မှတ်အချိန်ကာလတစ်ခုအထိ ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်ရန် ဝန်ခံကတိလက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ပြန်လည်စစ်ဆေးသည့်အခါတွင် ပြင်ဆင်မှုများ မပြုလုပ်ထားပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)



## ချို့ယွင်းပျက်စီးနေသည့် စက်ရေတွင်းအား ပြန်လည်ပြုပြင်ပေး



**ညောင်ဦး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ လက်ပံတဲကျေးရွာ၌ စက်ရေတွင်း ချို့ယွင်းပျက်စီးနေကြောင်း သိရသဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် အောက်တိုဘာ ၂၂ ရက်က ပုဂံမြို့ ရတနာဘုံစံတော‌ရမဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတ ရေလှူတော်အဖွဲ့က သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

လက်ပံတဲကျေးရွာသည် အိမ်ထောင်စု ၃၀၀ ကျော်၊ လူဦးရေ ၂၀၀၀ ကျော်ခန့်ရှိပြီး ကျေးရွာနေပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်နေကြပြီး သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ တစ်နှစ်ပတ်လုံး မှီခိုအားထားပြုနေရသည်။

အဆိုပါကျေးရွာရှိ စက်ရေတွင်းမှာ မြေအောက်အနက်ပေ ၈၀၀ ရှိပြီး နှစ်ကာလကြာမြင့်မှုကြောင့် ရေမော်တာပန့်နှင့် ဆက်စပ်ပစ္စည်းများ ချို့ယွင်းပျက်စီးသွားခဲ့သဖြင့် ကျေးရွာနေပြည်သူများနှင့် ကျွဲ၊နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ အခက်အခဲကြုံနေရသောကြောင့် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာ ပရဟိတ ရေလှူတော်အဖွဲ့က ရန်ကုန်မြို့မှ စေတနာအလှူရှင် ဒေါ်ဆွေဆွေ မိသားစုက မ,တည်လှူဒါန်းသော ငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆၄၅၀၀၀ ၊ စုစုပေါင်း ငွေကျပ် ၂၁၄၅၀၀၀ဖြင့် မော်တာနှင့် ဆက်စပ်ပစ္စည်းများကို အသစ်လဲလှယ်တပ်ဆင်ပြီး ပြုပြင်ဆောင်ရွက်ပေးခဲ့ရာ ကောင်းမွန်သွားပြီဖြစ်၍ ဒေသခံပြည်သူများအတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၈၅)**

## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၊ စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့်ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့်၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်းနှင့် တိုင်းရုံးလက်ထောက်ညွှန်ကြားရေးမှူးများ၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ တက်ရောက်ကြပြီး အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးများက ဦး၊ ရေး၊ ထောက်နှင့် ငွေစာရင်းဆိုင်ရာများကို ပြောကြား၍ တက်ရောက်လာသောခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ၏ တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများက လက်ထောက်မီးသတ်ဦးစီးမှူးရာထူးမှ ဒုတိယမီးသတ်ဦးစီးမှူးရာထူးတိုးသွားရောက်ဖြေဆိုမည့်တပ်ဖွဲ့ဝင် ၃၃ ဦးအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးနှင့် ဗဟိုမီးသတ်စခန်းမှတပ်ဖွဲ့ဝင် ၄၂ ဦးနှင့် စကားအင်းအမြန်လမ်းနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင် ရှစ်ဦးအား သက်သာချောင်ချိရေးအတွက် ဆီ ၅၀ သားနှင့် ကြက်ဥ ၁၅ လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)(၀၄၅)**



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းလွှဲပြောင်းပေးအပ်

**ပုသိမ်ကြီး အောက်တိုဘာ ၂၃**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာခန်းမဆောင် လုပ်ငန်းလွှဲပြောင်းပေးအပ်ခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၁နာရီက ရွာသစ်ကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာများတွင် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဆောင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအေးကျော်က ကျေးရွာခန်းမဆောင်တိုးချဲ့ခြင်းနှင့် အုတ်နံရံအစားထိုးကာရံခြင်း လုပ်ငန်းကုန်ကျမှု ငွေစာရင်းရှင်းတမ်းများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် လုပ်ငန်းလွှဲပြောင်းအပ်မှု မှတ်တမ်းများအား တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ကြသည်။ **(ဝဲပုံ)**

အဆိုပါခန်းမဆောင်မှာ အလျား(၂၇)ပေ၊ အနံ (၂၈)ပေ၊ အမြင့်(၁၀)ပေ ရှိပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၄ သိန်းခန့်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်္ဂလိပ်စာ(မိသားစု)၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မိုးညှင်း အောက်တိုဘာ ၂၃**

ကချင်ပြည်နယ်၊ မိုးညှင်းတက္ကသိုလ်တွင် ၂၀၂၅ ပညာသင်နှစ် အဝေးသင်သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ အဝေးသင်သင်တန်း အင်္ဂလိပ်စာ(မိသားစု)၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တက္ကသိုလ်ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် အဖွင့်ပူဇော်ဂါရဝပြုကြပြီး ဆီမီးများထွန်းညှိပူဇော်ကြကာ တက်ရောက်လာကြသည့်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် သက်ဆိုင်ရာဘာသာရပ်များမှ ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်က အမှာစကား ပြောကြားပြီး အင်္ဂလိပ်စာဘာသာရပ်မှ တွဲဖက်ပါမောက္ခ (ဌာနမှူး)ဒေါ်စံပယ်ဦးက ၂၀၂၅ ပညာသင်နှစ် အင်္ဂလိပ်စာ (မိသားစု)၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပျော်ပွဲရွှင်ပွဲများဖြစ်သည့် အကအလှပဒေသာများနှင့် တေးသီချင်းများကိုလည်းကောင်း၊ ပထမနှစ်ကျောင်းသား၊ ကျောင်းသူများက King နှင့် Oueen ရွေးချယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမိုးညှင်း**

၀-၀-၀-၀-၀-၀-၀



## စုပေါင်းမဟာဘုံကထိန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် နှစ်စဉ် ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီက ကျောက်ဆည်မြို့ ဆောက်လုပ်ရေးရိပ်သာ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အောက်ဝဲပုံ)**



ရှေးဦးစွာ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိ၊မြို့ဖများအနေဖြင့် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ယခင်နှစ်များအတိုင်း ငွေသားနှင့်လှူဖွယ်ပစ္စည်းများကို တတ်စွမ်းသရွေ့ ပါဝင်လှူဒါန်းသွားရေးအတွက် အမှာစကားပြောကြားခဲ့ပြီး ခရိုင်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မြို့မိ၊ မြို့ဖ ဦးထူးထူးတို့က ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် ကထိန်လုပ်ငန်းစဉ်များအကြောင်းနှင့်တက်ရောက်လာသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနများအလိုက် ပဒေသာပင်များ ပြုလုပ်၍ လှူဒါန်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသီးသီးဆွေးနွေးတင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ဆည်တော်နံဆုတောင်းပြည့် ရွှေမုဋ္ဌောဘုရားရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(၄၈၅)**

# လျှပ်လျှပ်ရှားရှား စီးပွားကုန်စည်

## ပြည်ပဈေးကွက်ကို သရက်သီးအနှစ်များ ဦးစားပေး တင်ပို့ရန် စီစဉ်နေ

လာမည့် သရက်ပို့ကုန်ရာသီတွင် ပြည်ပကို သရက်သီးအလုံးလိုက်အစား အနှစ်ကို ဦးစားပေးတင်ပို့ရန် စီစဉ်နေကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ပြည်ပဈေးကွက်အသစ်တွေ ရှာဖွေပြီး သရက်သီးအနှစ်တွေ တင်ပို့သွားမယ်လို့ အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

သရက်သီးအလုံးထက် အနှစ်ပြုလုပ်ပြီး တင်ပို့ရခြင်းမှာ ပိုမိုအဆင်ပြေ၍ စည်သွပ်ဘူးများမှာ အေးခဲပြီး စမ်းသပ်တင်ပို့ခဲ့ရာ ဈေးကောင်းရရှိကြောင်း သိရသည်။

"နောက်နှစ်တော့ သရက်သီးအနှစ်ကို ဦးစားပေးတင်ပို့ဖို့ ပြင်ဆင်နေတယ်။ အသီးနဲ့အနှစ်ယှဉ်ရင် အနှစ်ပို့ရတာ ပိုအဆင်ပြေတယ်။ အရင်ကတော့ စမ်းလုပ်ကြည့်တယ်။ မနှစ်ကမှ စပို့တာ" ဟု အသင်းတာဝန်ရှိသူက ပြောသည်။

ပြည်ပဈေးကွက်ဝယ်လိုအားရှိသည့် စိန်တစ်လုံး၊ မချစ်စုနှင့် ပတ္တမြားငမောက် သရက်မျိုးတွေကို ရုရှားနှင့် စင်ကာပူနိုင်ငံ အပါအဝင် နိုင်ငံအချို့ကို အလုံးလိုက် နှစ်စဉ်တင်ပို့လျက်ရှိသည်။

ပြီးခဲ့သည့်နှစ် သရက်သီးရာသီမှာ လမ်းကြောင်းအခက်အခဲများကြောင့် အနည်းငယ်သာ တင်ပို့နိုင်ခဲ့ပြီး အရည်အသွေးပေါ်မူတည်ကာ တစ်တန်လျှင် ငွေကျပ် ၁၀ သိန်းမှ သိန်း ၂၀ ကြား ဈေးရရှိခဲ့သည်။

သရက်သီးအနှစ်ကတော့ အမျိုးအစားအလိုက် တစ်တန်လျှင် ငွေကျပ် ၁၅ သိန်းထက်မနည်း ပေါက်ဈေးရှိပြီး ပြည်တွင်းသာမက ပြည်ပမှာလည်း ဝယ်လိုအားများနေကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

လက်ရှိမှာတော့ ရုရှားဝယ်လက်တွေက မြန်မာနိုင်ငံမှ နှစ်စဉ် သရက်သီးအနှစ် တန်ချိန် ၁၀၀၀၀ တင်သွင်းလိုကြောင်း အသိပေးထားတယ်လို့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

(အောက်ပုံ) ရွှေမန်း





## မဲဇလီဖူးများကို သိုလှောင်သူများ များပြားလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိနေ

မန္တလေးဈေးကွက်အတွင်းရှိ မဲဇလီဖူးများအား အချဉ်သိပ်ကာ သိုလှောင်မှုပြုလုပ်သူများပြားလာခြင်းကြောင့် ဈေးကွက်အတွင်း ဈေးကောင်းရရှိလျက်ရှိကြောင်း ၄၁လမ်း၊ ကမ်းနားလမ်းရှိ လက်ကားဈေးအတွင်းရှိ ဈေးဆိုင်များထံမှ သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီဖူးသုပ်စားသည့် ဓလေ့တစ်ခုကြောင့် ယခင်နှစ်များက ဈေးကွက်အတွင်း ဈေးနှုန်းသိသိသာသာကောင်းမွန်ခဲ့ခြင်း၊ ပစ္စည်းပြတ်သွားသည်အထိ ရောင်းအားကောင်းခဲ့ခြင်းတို့ကြောင့် အဆိုပါပွဲတော်ရက်မတိုင်မီ စုဆောင်းသည့်အရေအတွက်များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးနှုန်းတွေကောင်းတယ်၊ ရှိသလောက်ရောင်းရတဲ့အတွက် ကြိုစုဆောင်းတဲ့သူတွေများလာတာဖြစ်တယ်၊ အရင်နှစ်တွေကဆိုရင် ပွဲတော်ရက်မတိုင်မီ နှစ်ရက်လောက်ကတည်းက ဈေးထဲမှာ ဝယ်မရတော့တဲ့အထိ ရောင်းအားကောင်းခဲ့ပါတယ်" ဟု အဆိုပါ ဈေးအတွင်းရှိ ဈေးသည်တစ်ဦးက ပြောသည်။

မဲဇလီဖူးများမှာ ဈေးကွက်အတွင်း လက်ရှိတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ကျော်ရှိနေပြီး ပွဲတော်ကာလနီးလျှင် ငွေကျပ် ၁၅၀၀၀-၂၀၀၀၀ ကျော်အထိ မြင့်တက်နိုင်ချေရှိကြောင်း၊ လက်ရှိတွင် ဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် တစ်ထောင်ကျော် ဈေးနှုန်းမြင့်တက်လာနေကြောင်း သိရသည်။

မဲဇလီပင်အား မြေသားပေါ့ပြီး ရေအဝင်အထွက်ကောင်းမွန်သောနေရာတွင် စိုက်ပျိုးသင့်ပြီး စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ဆေးဖက်ဝင်မှုအဖြစ် မျက်လုံးအတွက် ကောင်းခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်ခြင်း၊ အသားအရေ ကောင်းမွန်ခြင်း၊ ဦးနှောက်အာရုံကြောကို ကောင်းမွန်ခြင်း၊ ပင်ပန်းနွမ်းနယ်မှုကို ကာကွယ်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေကြောင်း ဆေးကျမ်းများတွင် ဖော်ပြထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ဧ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ကောက်ညှင်းဆန် ပြည်ပသို့ တိုးမြှင့်တင်ပို့ရန် စီစဉ်နေ

ပြည်ပဈေးကွက်သို့ အရည်အသွေးကောင်းသည့် ကောက်ညှင်းဆန်များ တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)ထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ကောက်ညှင်းပို့ကုန်မြှင့်တင်ဖို့ စီမံချက်ချမှတ်ထားသည့်အကြောင်း MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

"အရည်အသွေးကောင်း ကောက်ညှင်းဆန်များ တိုးချဲ့ထုတ်လုပ်နိုင်ဖို့၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ဖို့ စီစဉ်နေပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံတစ်နိုင်ငံတည်းကပဲ ကောက်ညှင်းစားပွဲတော်ချိန်၌ ဝယ်ယူပြီး ကျန်ရှိသည့် မြန်မာ့ဆန်၊ ဆန်ကွဲ၏ ပို့ကုန်ဈေးကွက်နိုင်ငံများကို မိတ်ဆက်ပြီး တင်ပို့ရန် စီစဉ်နေကြောင်း သိရသည်။

"မြန်မာ့ကောက်ညှင်းဆန် အလားအလာရှိပါတယ်။ ဒါပေမဲ့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းကောင်းရေး၊ အရည်အသွေးတည်ငြိမ်ကောင်းမွန်ရေး၊ အရောအနှောကင်းစင်ရေးစတဲ့ နယ်ပယ်တွေမှာ လုပ်ဆောင်စရာတွေ အများကြီး ရှိနေဆဲဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အရည်အသွေးကောင်း ကောက်ညှင်းဆန်များ တိုးချဲ့ထုတ်လုပ်နိုင်ရန် တောင်သူတွေနဲ့ ဆွေးနွေးညှိနှိုင်းသွားမှာဖြစ်ပြီး ကန်ထရိုက်လယ်ယာအစီအစဉ်များ ရှိလာနိုင်ကြောင်း သိရသည်။

လက်ရှိတွင် ကောက်ညှင်းဆန်တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းခွဲမှ နှစ်သိန်းအတွင်း အမြင့်ဆုံးဈေးဖြစ်နေကာ ဈေးအမြင့်ရသောကြောင့် တောင်သူများ အဆင်ပြေပြီး တိုးချဲ့စိုက်ပျိုးထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-ဖ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## တန်ဆောင်တိုင်ကာလမတိုင်မီ ပဲ၊ နှမ်းဈေးကွက်မှာ ပုံမှန်အရောင်းအဝယ်သာ ဆက်လက်ရှိနေပြီး ပို့ကုန်ပဲများ ဈေးအေးနေ

တန်ဆောင်တိုင်ကာလမတိုင်မီ ပဲ၊ နှမ်း ဈေးကွက် မှာ ပုံမှန်အရောင်းအဝယ်သာ ဆက်လက်ရှိနေပြီး ပို့ကုန်ပဲများ ဈေးအေးနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံမှ သိရသည်။

ပို့ကုန်ပဲများ တင်ပို့နိုင်မှုမှာ သင်္ဘောတင်ကာလများတွင် အရောင်းအဝယ်ကောင်းလေ့ရှိသော်လည်း အောက်တိုဘာလ ကုန်ပိုင်းရက်များတွင် သင်္ဘောတင်ပို့မှုမရှိသေးသောကြောင့် ပို့ကုန်ပဲများ အရောင်းအဝယ်အေးနေခြင်း ဖြစ်သည်။

ပို့ကုန်ပဲများ အရောင်းအဝယ်အေးသော်လည်း ဈေးနှုန်းတည်ငြိမ်နေကြောင်း ၊ ပြည်တွင်းသုံးပဲများမှာ တက်ဈေး၊ ကျဈေး အနည်းငယ်သာရှိပြီး အဝယ်ပုံမှန်ရှိနေကြောင်း၊ မြေပဲလုံးဆန်များ အနည်းငယ်ဈေးအတက်အကျဖြင့် အရောင်းအဝယ်ကောင်း၊ ဈေးကောင်းနေကြောင်း ပဲကုန်သည် ဦးကျော်သွင်က ပြောသည်။

"နှစ်စဉ် တန်ဆောင်တိုင်ကာလဆိုရင် ကုန်စည်ဒိုင်မှာ အရောင်းအဝယ်တွေက အေးလေ့ရှိပါတယ်။ ကထိန်ပွဲတော်ကာလဆိုတော့ ပြည်တွင်းသုံး ကုလားပဲနဲ့ မြေပဲလုံးဆန်တွေကတော့ အရောင်းအဝယ်ပုံမှန်ရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၂၂ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀ အထိ ပေါက်ဈေးရှိနေသည်။



ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အဝယ်သွက် ဈေးမြင့်တက်လာရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၂၀၀၀၊ 929ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အောက်တိုဘာ ၂၂ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ အောက်တိုဘာ ၂၂ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၇၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၄၅၀ အသီးသီးပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်နိုင်၍ ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

ရွှေမန်း

# စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - လွမ်းချက်ကပို မန်းတက္ကသိုလ်
စာရေးသူ - ဒေါ်ခင်သိန်း(ရှမ်းတဟ/တောင်ကြီး)
ထုတ်ဝေသည့်စာပေတိုက် - သုခစံစာပေ
စာမျက်နှာ - ၉၀ မျက်နှာ
တန်ဖိုး - ၁၀၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - မာန်ဦး
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

ကဗျာဆရာကျော်မိုးလွင်၏ စီစဉ်မှုဖြင့် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အလွမ်းစာစုများ ဖြစ်သည်။ ဆရာဆူးငှက်၏ 'တက္ကသိုလ်ကျောင်းက ငွေလမင်း' အမှာစာ၊ စာရေးသူ၏ အမှာစာနှင့် ကျေးဇူးတင်စကား၊ ရောင်စုံ



ဓာတ်ပုံမှတ်တမ်းများဖြင့် ထွက်ရှိလာသော စာအုပ်ဖြစ်သည်။

'သီချင်းအဆိုကောင်းရုံမက စာရေးကောင်းသော မန္တလေး တက္ကသိုလ်ကျောင်းသူကြီး ဒေါ်ခင်သိန်းက 'လွမ်းချက်ကပို မန်းတက္ကသိုလ်'ဟူသော စာစုကို ရေးသားပြီး မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အမီ ထုတ်ဝေလိုက်သည်။ ထိုစာစုကို ဖတ်လိုက်ရမှ တက္ကသိုလ်ကျောင်းသူလေး မခင်သိန်းကား ပညာရေးသာမက အနုပညာတွင်လည်း တက္ကသိုလ် ကျောင်းက ငွေလမင်း ဖြစ်ခဲ့ကာ လွမ်းဆွတ်ပျော်ရွှင်ဖွယ်ရာ သိရတော့သည်။ (ဆူးငှက်-အမှာမှ)

## ဖော်ညွှန်းသီ

စာအုပ်အမည် - ဝေးရသည့်တိုင် သမုဒယအလွမ်းဖွဲ့အချစ်ကဗျာများ
စာရေးသူ - အောင်ကိုထိုက်(အရာတော်)
ထုတ်ဝေသည့်စာပေတိုက် - လင်းသန့်စာပေ
စာမျက်နှာ - ၆၇ မျက်နှာ
တန်ဖိုး - ၅၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ကျော်ထွန်းဦး
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ ဧပြီလ

ဆရာ အဲမုခ၏ အမှာစာ၊ စာရေးသူ၏ ရင်တွင်းစကားများနှင့် ထွက်ရှိလာသည့် 'သမုဒယ




မန္တလေးမြို့ပေါ်ရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

အလွမ်းဖွဲ့အချစ်ကဗျာများ'ဖြစ်သည်။

**ဝေးရသည့်တိုင်**

**– စာတ်သိမ်းခန်းကျ**
**မျက်ရည်စနဲ့**
**လွမ်းရမှာကို သိတယ်ခင်။**
**– သို့ပေမယ့်လည်း**
**မဝေးခင်လေး အတွေးထဲမြင်**
**အမြင်ထဲစွဲ အသည်းထဲနစ်**
**တစ်ဆစ်ဆစ်နဲ့သိပ်ချစ်နေတော့**
**မခက်လား။ ။**

**အောင်ကိုထိုက်**

အချစ်ကဗျာ မြတ်နိုးသူများ သဘောကျမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပလငါးတန်ပြည့်စုံဖို့ ကြိုးစားကြပါစို့

* ဘဝခဏ နေစဉ်မှုတွင်
လောဘအပူ တွယ်ယှက်သူကို
မှုထုကူနှင်း ဖေးမခင်းလည်း
စိတ်ရင်းဘယ်ခါ မပျောက်ရာမို့
ပညာဉာဏ်အား လွဲလျော့သွားကာ
မနားစိတ်နေ သိဉာဏ်ထွေလို့
ပေးဝေအပ်နှင်း မေတ္တာသင်းလည်း
ကောင်းခြင်းဘယ်ခါ မရောက်ရာတည်း ။

* ခဏရောက်လင့် လူဖြစ်ခွင့်တွင်
မှန်ချင့်စိတ်နေ များသူဝေ၍
မှားတွေဖျောက်ဖျက် တတ်သိထက်ဖို့
မှန်းဆက်လုပ်မှုစွာ ကြောင်းကျိုးလွှာကို
သတိပေးဆပ် အိတ်သို့လုပ်သို့
သွန်အပ်ကျင့်စေ စိတ်အထွေတို့
မသွေသိတတ် မျိုးဂုဏ်မြတ်ဖို့
ချင့်အပ်မှန်စွာ ကြီးမြတ်ရာတည်း။

* အမိအဖ အနန္တနှင့်
မိတ်သဟာဆွေ စုပေါင်းလေ၍
ကောင်းစေဆောင်ပြု ကမ်းလက်စုလို့
ဆစ်ထုရည်မှန်း ဦးဆောင်မြန်းသော်
ပေးကမ်းကြင်နာ ဖေးမကာဖြင့်
အလွှာမခြား တန်ဖိုးထားကာ
ဉာဏ်အားလင်းစေ ညွှန်ပြပေမို့
ပေးဝေပြုရာ ကောင်းခြင်းဖြာတည်း ။

* အို - - - လူငယ်များတို့
သင်လျှောက်လုပ်မှုရာ လူ့ဘုံရွာတွင်
ဉာဏ်ဖြာကတုတ် ခံတပ်လုပ်၍
ကိုယ်နှုတ်ချိုလု နေထိုင်ကြလို့
ပလငါးတန် စိတ်ရည်မှန်ကာ
ကျင့်ကြံဉာဏ်ကြွယ် တတ်သိထည်လို့
မြတ်သွယ်စိတ်ထား ကောင်းခြင်းအားဖြင့်
အများအကျိုး ရွက်သယ်ပိုးနော်
အမျိုးဂုဏ်လွှာ ဖြည့်ဆည်းရာတည်း ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း နှစ်မျိုး သင်တန်းဖွင့်ပွဲ ကျင်းပ

**ကလေး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာနမှဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း နှစ်မျိုးဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကလေးမြို့ သိမ့်ဟိုတယ်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်နှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်မြို့ MHTI သင်တန်းကျောင်းမှ သင်တန်းကျောင်းနည်းပြဆရာ ဦးကိုင်ဇာက သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးအား နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ၁၅ ရက် သင်ကြားပို့ချသွားမည်ဖြစ်သည်။ ကလေးမြို့နယ်တွင် ဟိုတယ် ၁၁ ခု၊ မိုတယ်တစ်ခုနှင့် တည်းခိုခန်းများ ဖွင့်လှစ်၍ ကလေးမြို့နယ်အတွင်း လာရောက်ကြသည့် ခရီးသွားပြည်သူများကို ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**






## စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**

ပြည်သူများအား စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာအကြောင်းအရာများ ပိုမိုသိရှိနိုင်စေရန်အတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒေါ်ယဉ်ယဉ်ရွှေ(ဦးစီးအရာရှိ)နှင့်အဖွဲ့သည် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ ၆၄လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ အ.ထ.က (၃၀)ကျောင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါကျောင်းတွင် စားသုံးသူများ၏ အခွင့်အရေးနှင့်ပတ်သက်သည်များ၊ စားသုံးသူများ၏တာဝန်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ ဟောပြောခြင်း၊ ဌာန၏ Call Center 1535 လိုင်းခွဲအမှတ်(၃)သို့ ခေါ်ဆို၍ တိုင်ကြားမှုသရုပ်ပြခြင်းနှင့် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များနှင့် ကိုက်ညီသည့် စားသောက်ကုန်များ ရောင်းချရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ယဉ်ယဉ်ရွှေ**



# သတိတရ လွမ်းတသသ

သိပ္ပံလမ်းမကြီး၏ မေးတင်၊ ၇၈ လမ်းမကြီး နှင့်နီးသော က·ည·န ရုံးသို့ ယာဉ်လိုင်စင်သက်တမ်းတိုးရန်အတွက် ရောက်ဖြစ်ခဲ့သည်။ ၁၀ နာရီဝန်းကျင်လောက်မှာပင် မိမိလုပ်ဆောင်စရာ ကိစ္စများက ပြီးဆုံးသွားလေသည်။ သို့ဖြစ်၍ ပညာပျိုးခင်း၏ တောင်ဘက်နားတွင်ရှိသော ချမ်းမြသာစည်မြို့နယ် တရားရုံးသို့ သွားဖြစ်ခဲ့သည်။ အကြောင်းအရင်းက ဆရာငွေဦးလင်း(ဥပဒေ)နှင့် ချိန်းဆိုထားခြင်းကြောင့်ဖြစ်သည်။ တရားဥပဒေရေးရာ အကြောင်းကိစ္စအတွက် မဟုတ်ပါ။ စာရေးခြင်း ဝါသနာတူ ဆရာငွေဦးလင်း(ဥပဒေ) နှင့် ကျွန်တော်တို့နှစ်ဦးပူးပေါင်းပြီး ဝါသနာအရ ရေးထားသော စာမူလေးများကို စုစည်း၍ ကိုယ်ပိုင်ငွေကြေးလေးများ စိုက်ထုတ်ကာ စာအုပ်ထုတ်ရန်အတွက်ဖြစ်သည်။ ဆောင်းစုရတီစာပေမှ ဆရာမိုသျှန်းထံ အပ်နှံထားသော စာမူများမှ စာအုပ်အချောအဖြစ် မရောက်သေးသော စာမူကြမ်းများကို လိုအပ်သည်များ ဖြည့်စွက်ပြင်ဆင်နိုင်ရန်အတွက် ဆရာငွေဦးလင်းက ကျွန်တော့်အား လာရောက်ယူခိုင်းခြင်းဖြစ်သည်။ ဆရာငွေဦးလင်း နေထိုင်သော နေရာနှင့် ကျွန်တော်နေထိုင်သော နေရာက မန္တလေးမြို့မှာပင်ဖြစ်သော်လည်း အနည်းငယ်အလှမ်းဝေးသောကြောင့် ဆရာငွေဦးလင်း အလုပ်တာဝန်ရှိရာ ချမ်းမြသာစည်မြို့နယ်တရားရုံးမှာ တွေ့ဆုံရန် ချိန်းဆိုခဲ့ခြင်းဖြစ်သည်။ ချမ်းမြသာစည်မြို့နယ် တရားရုံးသို့ရောက်သောအခါ ရုံးကိစ္စမဟုတ်၍ ရုံးအတွင်းသို့မဝင်ဘဲ ရုံးအပြင်ဘက်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ပြီး ဆရာငွေဦးလင်းကို စောင့်နေလိုက်သည်။ ဆရာငွေဦးလင်းကို ဖုန်းနှင့်လှမ်း၍ ဆက်သွယ်ကြည့်သောအခါ ရောက်လာဖို့အတွက် နာရီဝက်လောက်ကြာဦးမည်ဟု သိရသည်။ စားသောက်ဆိုင်အတွင်းရှိ စားပွဲဝိုင်းတွင်ထိုင်ပြီး ကျွန်တော် အသင့်ဖျော် ကော်ဖီမစ်တစ်ခွက်ကို မှာလိုက်သည်။ စားသောက်ဆိုင်ဆိုပေမယ့် စားပွဲဝိုင်း သုံးလေးဝိုင်းမျှ ခပ်ကျပ်ကျပ် ခင်းကျင်းထားတဲ့ ဆိုင်သေးသေးတွေဖြစ်သည်။ တန်းလျားသဖွယ် ဆောက်ထားသော ခန်းဖွဲ့ကျဉ်းကျဉ်းလေးတွေကို ဝါးထရံကာပြီး ခြားပေးထားသည်။ အဆောက်အအုံခန်းဖွဲ့က ကျဉ်းတဲ့အတွက် ရှေ့မှာ မိုးကာလေးများကို ကိုယ့်ဆိုင်ရှေ့၊ သူ့ဆိုင်ရှေ့ အဖီအဖြစ်ဆွဲထားကြသည်။ စားသောက်စရာတွေအဖြစ် အသင့်ဖျော်ကော်ဖီ၊လက်ဖက်ရည်၊ အအေးနဲ့ ထမင်းဟင်းရသည်။ ရုံးနှင့်ပတ်သက်ယှက်နွယ်၍ လာရောက်တဲ့အခါ အလွယ်တကူ ဝယ်ယူစားသုံးရန်အတွက် အဆင်ပြေမည် ဖြစ်သည်။ တစ်ဦးတည်းစကားပြောဖော်မရှိခြင်းကြောင့် ကော်ဖီခွက်နှင့် ရေနွေးကြမ်းခွက်ကို တစ်လှည့်စီသောက်ရင်း အစီအစဉ်တကျမရှိသော အတွေးနယ်အတွင်း လျှောက်လည်နေမိသည်။ မျက်လုံးတွေကတော့ ဆရာငွေဦးလင်း လာမည့်လမ်းကို မှန်းဆ၍ မျှော်ကြည့်နေမိသည်။ ထိုသို့ရှိနေစဉ် မြောက်ဘက်နားက စကားဝိုင်းကို သတိပြုမိခဲ့သည်။ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦး စားပွဲတစ်ခုတွင် ဝိုင်းဖွဲ့ထိုင်၍ စကားပြောနေကြသည်။ ဆိုင်ခန်းသုံးဆိုင်ရှိသည့်အနက် သူထိုင်နေတာက မြောက်ဘက်အစွန်ဆုံးဆိုင်တွင်ဖြစ်ပြီး ကျွန်တော်က တောင်ဘက်အစွန်ဆုံးဆိုင်တွင် ထိုင်နေသော်လည်း ဆိုင်ခန်းလေးတွေက ကျဉ်းလွန်းသောကြောင့် သူတို့ပြောဆိုနေသော စကားများကို အတိုင်းသားကြားနေရခြင်းဖြစ်သည်။ ကျွန်တော်က တောင်ဘက်အစွန်ကနေ မြောက်ဘက်သို့ မျက်နှာမူပြီး ထိုင်နေသောကြောင့် သူတို့စကားဝိုင်းလေးက ကျွန်တော့်မျက်လုံး၏ မြင်ကွင်းထဲတွင် အလိုအလျောက် ဝင်ရောက်နေရာယူနေခဲ့သည်။ သူတို့စကားဝိုင်းဆိုတာထက် စကားဝိုင်းမှ အမျိုးသားတစ်ဦးရဲ့ စကားသံဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။ ကျန်တဲ့သူတွေက ထိုသူပြောနေသောစကားများကို နားထောင်ရုံသက်သက်သာရှိလေသည်။ သူများပြောဆိုနေသော အကြောင်းအရာကို စပ်စုလိုခြင်း မဟုတ်သော်လည်း ကျွန်တော်တစ်ဦးတည်း စကားပြောဖော်မရှိခြင်း၊ ထိုသူတို့၏ စကားဝိုင်းက ကျွန်တော့်မြင်ကွင်းထဲမှာ အလိုအလျောက်ရှိနေခြင်း၊ ပြောဆိုသူ၏အသံက အနည်းငယ်ကျယ်သလိုရှိခြင်း တို့ကြောင့် ဘာရယ်မဟုတ် နားထောင်နေမိသည်။ ထိုသူ၏ စကားသံမှာ ကျွန်တော့်အကြားအာရုံကို လာရောက်လှုပ်ခတ်နေသည်။

"ငါတို့ မန္တလေးရောက်စ ကျောင်းသားဘဝက ဘူတာကြီးနဲ့ ဈေးချိုလိုင်းကားစီးရင် ဆယ်ပြားပဲပေးရတာကွ။ မျက်စိလည်ပြီး လမ်းမသိလို့ မသွားတတ်ရင် မော်တော်ပီကယ်ကို မေးလိုက်တာပဲ။ မော်တော်ပီကယ်က အမှန်ပြောတယ်ကွ။ တစ်ခါတလေ သူတို့ကိုယ်တိုင် လိုင်းကားတားပြီး တင်ပေးလိုက်သေးတယ်။ လိုင်းကားဆရာတွေကလည်း မော်တော်ပီကယ်က တားပြီးတင်ပေးလိုက်တဲ့ ငါတို့ကို ကားခ မတောင်းကြဘူးကွ။ ဈေးချိုနားက တခြားသူကို သွားမေးမိရင် ကိုယ်ရောက်ချင်တဲ့ နေရာကို ရောက်ချင်မှရောက်မှာ။ ငါတို့က တောသားတွေဆိုတော့ နည်းနည်းကြောက်တာလည်း ပါတာပေါ့ကွာ။"ထိုသူပြောသော ယာဉ်စီးခနှုန်း ဆယ်ပြားဆိုသည်မှာ မှန်ပေလိမ့်မည်။ ကျွန်တော်သည် မန္တလေးမြို့တွင်း၏ ယာဉ်စီးခနှုန်းထား ဆယ်ပြား၊ တစ်မတ်၊ ငါးမူး၊ တစ်ကျပ်ခေတ်ကို သိမီလိုက်သေးသည်။ ဒါပေမဲ့ လိုင်းကားမစီးနိုင်ခဲ့၊ ခြေကျင်သွားရတာများသည်။ ငွေကြေးတန်ဖိုးရှိသော အချိန်ဖြစ်သည်။"လိုင်းကားခ မရှိလို့ လိုင်းကားမစီးတာကို ကားစီးရင် မျက်စိလည်တယ်။ ခြေကျင်သွားတာက လမ်းကို ပိုပြီး မှတ်မိတယ်"ဟု လိုင်းကားမစီးနိုင်တာကို ကာကွယ်ပြီး ပြောခဲ့ဖူးသည်။ လမ်းမသိလျှင် ယာဉ်ထိန်းကို မေးခြင်းဖြင့် လမ်းမှန်ကို သိပြီး ကိုယ်လိုရာခရီးကို ရောက်နိုင်သည်။ ယာဉ်များကို အန္တရာယ်ကင်းကင်းနှင့်လမ်းကြောင်းမှန် သွားလာနိုင်ရန် လမ်းညွှန်ပြပေးနေသော ယာဉ်ထိန်းများသည် မြို့ပြ၏လမ်းများကို ကျွမ်းကျင်မှုရှိကြပေလိမ့်မည်။ မည်သည့် လိုင်းကားစီးလျှင် မည်သည့်နေရာ ရောက်မည်။ မည်သည့်လမ်းကသွားလျှင် မည်သည့်နေရာ ရောက်မည်ဆိုတာကို သိကြပေလိမ့်မည်။ သို့ဖြစ်၍ ယာဉ်ထိန်းများသည် လမ်းမသိသူ၊ မသွားမလာတတ်သူတို့အား လမ်းညွှန်ပြမှုပေးနိုင်မှာ အမှန်ပင်ဖြစ်သည်။ မိမိကိုယ်ပိုင်ကားနဲ့ ရန်ကုန်မြို့ကို ရောက်သွားလို့ မသွားတတ်၊ မလာတတ်ဖြစ်နေရင် ယာဉ်ထိန်းရဲကို အကူအညီတောင်းပြီး ပို့ခိုင်းရင် မိမိသွားရောက်လိုသောနေရာသို့ လိုက်ပါပို့ဆောင်ပေးတတ်ကြောင်းကို မိတ်ဆွေတစ်ဦးက ပြောပြ၍ ကြားခဲ့ရဖူးသည်။ တခြားလူသွားမေးရင် တလွဲကို လမ်းညွှန်လိုက်ပါက လမ်းမှားနိုင်သည်တဲ့။ မှန်ပါသည်။ စေတနာမေတ္တာအပြည့်ဖြင့် လမ်းအမှန်ကို ညွှန်ကြားမှုပြုတတ်ကြသူများရှိတတ်သလို ပါးစပ်ထဲတွေ့ရာ ပြောလွှတ်တတ်ကြသူတွေလည်း ရှိပေသည်။ လမ်းလျှောက်၍ပင် ရောက်သော ခရီးနီးနီးလေးကို ကွေ့ပတ်ခေါ်သွားပြီး ပို့ဆောင်ခများ တောင်းယူတတ်သော အကျင့်ရှိသူတွေရှိသည်။ လမ်းမသိလို့ မေးလာသူကို မိမိကိုယ်တိုင်က လမ်းညွှန်မှုမပြုနိုင်လျှင် မသိတာကို မသိတဲ့အကြောင်း ပြောပြသင့်သည်။ ရိုးသားပွင့်လင်းစွာ ပြောဆိုခြင်းက ပြဿနာမရှိသော်လည်း ပြီးစလွယ်ပြောဆိုလိုက်သော ကိုယ့်ရဲ့ လမ်းညွှန်မှု အမှားကြောင့် တစ်ဖက်လူအတွက် အခက်တွေ့စေနိုင်သည်။ အမှန်တကယ်တော့ မန္တလေးမြို့သူ၊ မြို့သားတို့က ရိုးသား၍ ယဉ်ကျေးကြလေသည်။ အမှန်တရားကို မြတ်နိုးပြီး ကူညီဖေးမခြင်းတွေ ပေးတတ်ကြသည်က များလေသည်။ ကျွန်တော်သည် ကားသမားဖြစ်ခဲ့ခြင်းနှင့် အတူ ကုန်ပစ္စည်းများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ရလေသည်။ ထိုကဲ့သို့ ပေးပို့ရာတွင် ဘောက်ချာပါ လိပ်စာအတိုင်း ပို့ဆောင်ပေးရလေသည်။ ဘောက်ချာပါ လိပ်စာတွေက ကျွန်တော်သိရှိသော ရောက်ဖူးသော လိပ်စာများပါရှိသလို တစ်ခါမှ မရောက်ဖူးသော နေရာလိပ်စာတွေလည်းပါသည်။ မသိတဲ့နေရာဖြစ်စေ၊ သိတဲ့နေရာဖြစ်စေ ကုန်ပစ္စည်းကို ပိုင်ရှင်ထံရောက်အောင် ပို့ဆောင်ပေးရမည်က ကျွန်တော့်တာဝန်ဖြစ်သည်။ မသိတဲ့နေရာဆိုလျှင် မေးမြန်းစုံစမ်း၍ ကုန်ပစ္စည်းပိုင်ရှင်ကို မတွေ့ တွေ့အောင် ရှာရသည်။ ထိုအခါမျိုးတွင် အများစုက လမ်းညွှန်အမှန်ကို ပြောပြပေးခဲ့ကြတာများသည်။ သူတို့၏ လမ်းညွှန်ကူညီဖေးမမှုတို့ဖြင့် ကုန်ပစ္စည်းပိုင်ရှင် အစစ်အမှန်ကို ရှာတွေ့ပြီး ကုန်ပစ္စည်းကို အပ်နှံပေးပို့နိုင်ခဲ့လေသည်။ "ကျောင်းသားဆိုတော့လည်း အခွင့်အရေးပေးကြတာများတယ်ကွ။ ကျောင်းပိတ်လို့ နယ်ကို ပြန်တော့မယ်ဆိုရင် လက်ထဲမှာ ပိုက်ဆံက နှစ်ကျပ်လောက်ပဲရှိတော့တာ၊ စရိတ်ပြတ် ထမင်းက စားချင်ဆိုတော့ ဘူတာကြီးနားက ဒေါ်ခင်သန်း ထမင်းဆိုင်ဆိုတာ ရှိတယ်။ အဲ့ဒီတုန်းက နာမည်ကြီးပဲ။ အဝစားမှ နှစ်ကျပ်ရယ်။ ဘယ်လိုလုပ်ရလဲဆိုတော့ ဆိုင်ထဲဝင်သွားပြီး ကျွန်တော် နယ်က ကျောင်းလာတက်တာပါ။ စရိတ်ပြတ်နေလို့ပါ။ ဗိုက်ကလည်း အရမ်းဆာနေတဲ့အတွက် ကျွန်တော့်ကို ထမင်းတစ်ကျပ်ဖိုးလောက် ရောင်းပါလားလို့ ပြောလိုက်တာ၊ ဆိုင်ရှင်က လာလာဆိုပြီး စားပွဲဝိုင်းမှာ ဟင်းတွေအပြည့်နဲ့ သေသေချာချာကျကျနနကို ကျွေးလိုက်တာ။ ပိုက်ဆံလည်း မယူလိုက်ဘူး။ ပြန်ခါနီးတော့ လမ်းစရိတ်ဆိုပြီး နှစ်ကျပ်လောက် ပေးလိုက်သေးတာကွ။" အမှန်တကယ် ဒုက္ခရောက်နေသူကို ကူညီဖေးမပေးတတ်သော ထမင်းဆိုင်ပိုင်ရှင်၏ စေတနာ၊ နယ်မှ လာရောက်ပြီး ကျောင်းတက်ရသော ကျောင်းသားတစ်ဦး၏ အခက်အခဲဒုက္ခကို မြန်မာတို့၏ ရင်ထဲတွင် အစဉ်အမြဲကိန်းအောင်းနေသော စိတ်ရင်းစေတနာက ပြေလည်မှုကို ဖြစ်စေခဲ့သည်။ တကယ့်အခက်အခဲတွေ့ပြီး တကယ်အဆင်မပြေဖြစ်နေသော ကျောင်းသားတစ်ဦးကို ကူညီပေးလိုက်သော ထမင်းဆိုင်ပိုင်ရှင်၏ စေတနာကို လေးစားမိသည်။ ဘူတာကြီးနားတွင် ဒေါ်ခင်သန်းထမင်းဆိုင်ရှိ၊ မရှိဆိုတာကိုတော့ ကျွန်တော်မသိပါ။ ရိုးသားစွာဝန်ခံခြင်း ဖြစ်ပါသည်။ ဘူတာကြီးနားကို ဖြတ်သွားဖြတ်လာတော့ လုပ်ခဲ့ဖူးသည်။ သတိမထားမိခဲ့ခြင်းလည်းဖြစ်မည်။ ရထားနှင့်ခရီးများများ မသွားဖြစ်တာလည်းပါမည်။ ဒီအသက်အရွယ်အထိ ရထားနှင့် ခရီးသွားဖူးတာဆိုလို့ မန္တလေးကနေ တောင်ပြုန်းသို့တစ်ကြိမ်၊ ထန်းတစ်ပင် ဇီးကုန်းသို့တစ်ကြိမ်၊ မိုးကောင်းသို့သွားတုန်းက တစ်ကြိမ်၊ စုစုပေါင်းသုံးကြိမ်သာ မီးရထားနှင့် ခရီးသွားဖူးလေသည်။ မီးရထားကို သုံးခါပဲ စီးဖူးသည်။ မီးရထားနှင့် ခရီးများများ ထွက်ဖြစ်လျှင်တော့ ထမင်းစားချိန်နှင့် ကြုံကြိုက်၍ ထမင်းဝင်စားမိခဲ့လျှင်တော့ ထမင်းဆိုင်၏ အမည်များကို သတိပြုမိနိုင်လေသည်။ ဆိုင်နာမည်သိတာ၊ မသိတာထက် ထမင်းဆိုင်ပိုင်ရှင်၏ စေတနာကို လေးစားရမည်၊ တန်ဖိုးထားရမည်။ ကျွန်တော် ငယ်ငယ်ကလည်း ခရီးသွားရင်း အခက်အခဲဖြစ်ခဲ့ရတာကို ကြုံတွေ့ခဲ့ရသေးသည်။ ကျွန်တော် ရှစ်နှစ်သားလောက်အရွယ်မှာပင် မန္တလေးရွှေမြို့တော်သို့ ရောက်လာခဲ့ရသည်။ ဘကြီးတော်ဘုန်းကြီးက ခေါ်လာခြင်းကြောင့် ဖြစ်သည်။ မန္တလေးသို့ရောက်သောအခါ ဘကြီးတော်ကျောင်းမှာမနေရ။ စာသင်တိုက်မဟုတ်၍ စာပေပညာသင်ကြားရန်အတွက် မဟာဗောဓိပရိယတ္တိစာသင်တိုက်သို့ သွားရောက်နေထိုင်ခဲ့ရသည်။ သုံးနှစ်လောက် ပညာသင်ယူပြီးသောအခါ ကျွန်တော့်ဇာတိရွာ မွေးရပ်မြေ "အိုင်မဒေါင့်"ရွာသို့ အလည်ပြန်ခွင့်ရသည်။ ရွာသို့ ပြန်ရမည်ဆိုတော့ အတိုင်းမသိသော အပျော်တွေ စီးဆင်းခဲ့ရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ရွာကို ခွဲခွာခဲ့ရသည်မှာ သုံးနှစ်သုံးမိုးပင်ရှိခဲ့လေသည်။ ရွာပြန်ခွင့်ရလာကာမှ ရွာကို ပို၍သတိရ ပို၍လွမ်းချင်လာသည်။ ရွာပြန်ခွင့်ရသည့်အချိန်ကလည်း အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပပြီးချိန်။ အလွမ်းဓာတ်ခံရှိသူတို့အား လွမ်းမောမှုတွေကို ပံ့ပိုးသော နွေရာသီဖြစ်သည်။ ရွာကို ပြန်ချင်စိတ်အားကြီးမှုနှင့်အတူ ရွာကို လွမ်းသည်၊ မိဘကို လွမ်းသည်၊ ဆွေမျိုးများကိုလွမ်းသည်။ ယာတောစပ်က ထန်းပင်တွေကိုလွမ်းသည်။ ထန်းလျက်ချက်နေသော ထန်းတဲထဲက ထန်းလျက်နံ့သင်းသင်းလေးတွေကို လွမ်းသည်။ ဖြစ်နိုင်လျှင် ငှက်တစ်ကောင်ကဲ့သို့ ကောင်းကင်ကနေပျံသန်းပြီး ရွာသို့ အရောက်သွားလိုက်ချင်သည်။ မဟာဗောဓိကျောင်းကနေ ကားဂိတ်သို့ တန်းမသွားရသေးဘဲ ဘကြီးတော်ဘုန်းကြီးကျောင်းသို့ သွားရသည်။ ဘကြီးဘုန်းကြီး၏ ခွင့်ပြုချက်ရယူရဦးမည်ဖြစ်သည်။ ကျောင်းရောက်တော့ ဘကြီးဘုန်းကြီးက နယ်ခရီးကြွသွားတော်မူခြင်းကြောင့် ဖူးတွေ့ရခြင်းမရှိပေ။ ဘုန်းကြီး၏ မယ်တော်ကြီး ကျွန်တော့်အမေကြီးရှိသည်။ ကျွန်တော်နှင့်မြစ်တော်စပ်လေသည်။ စာသင်တိုက် ကျောင်းထိုင်ဆရာတော်က ရွာအလည်ပြန်ဖို့ ခွင့်ပေးလိုက်ကြောင်း အမေကြီးအားပြောပြရသည်။ နံနက် ၁၀ နာရီကျော်ကျော်အချိန် ရောက်နေပြီဖြစ်၍ အတွေ့အကြုံရှိသော အမေကြီးကနောက်တစ်နေ့နံနက် အစောထပြန်ဖို့ပြောသည်။

(ဆက်လက်ဖော်ပြပါမည်။)

သောင်းဆင့်(အိုင်မဒေါင့်)

# သီရိမင်္ဂလာဗိမာန်တော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာပွဲ အောင်မြင်ခြင်း အထိမ်းအမှတ် ကျေးဇူးတင်မှတ်တမ်းနှင့် တောင်းပန်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာများ၏ အဓိပတိ၊ ပြည်တွင်း-ပြည်ပ သာသနာပြု မဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာမိ၏ သြဝါဒလမ်းညွှန်မှုကို ခံယူလျက် နှစ်ဖက်သော အဘိုးအဘွားနှင့် ဆွေမျိုးများကို အမှူးထား၍ မိဘများဖြစ်ကြကုန်သော ဖခင်ကြီး(ဦးဖိုးလှ)+မိခင်ကြီး(ဒေါ်လှလေး)နှင့် ဖခင်ကြီး(ဦးခါတ်ကြည်)+မိခင်ကြီး(ဒေါ်သန်းရင်)တို့အား ရည်စူး၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၁လမ်းနှင့် ၁၁၁(အေ)လမ်းတွင် တည်ရှိသော သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းတွင် သီရိမင်္ဂလာဗိမာန်တော်ကြီးနှင့် သာသနိကအဆောက်အအုံများအား နိဗ္ဗာန်ရည်မှန်း၍ ဆောက်လုပ်လှူဒါန်းကြသည့် ကောင်းမှုကုသိုလ်အစုစုတို့အား ရေစက်သွန်းချ လှူဒါန်းပူဇော်ခြင်း၊ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ဆေးဝါး အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းခြင်း၊ ဧည့်ပရိသတ်အပေါင်းတို့အား ကျွေးမွေးဧည့်ခံခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် (၅)ရက်တိုင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အလှူမင်္ဂလာပွဲကြီးတွင် အကြိုဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်ပေးပါသော သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာများ၏ အဓိပတိ၊ ပြည်တွင်း-ပြည်ပ သာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ။ သီရိမင်္ဂလာဗိမာန်တော်ကြီးအတွင်း သီတင်းသုံးမည့် ကျွန်းနက်ရုပ်တော်မူနှင့် ထိုင်တော်မူရုပ်ပွားတော်များ၊ ဂြိုဟ်ပြေန်ပြေ ဆင်းတုတော်များအား ဗုဒ္ဓဘိသေက အနေကဇာတင်ပေးတော်မူကြသော ဒေသအသီးသီးမှ ဆရာတော်၊ သံဃာတော် ၃၃ ပါးနှင့် ရှစ်ပါးသီလဆောက်တည်ပေးပါသော မဟာဝိသုဒ္ဓါရာမတိုက်၊ သာသနာပါလကျောင်းဆရာတော် ဘဒ္ဒန္တယသဝန္တနှင့် သာသနိကအဆောက်အအုံများအား တည်ဆောက်ပြုပြင်မွမ်းမံမှု ဆောင်ရွက်ပေးသည့် ဦးအောင်နိုင်မြင့် ဦးစီးသော ANM ဆောက်လုပ်ရေးအဖွဲ့၊ ဧည့်ပရိသတ်အပေါင်းအား ဧည့်ခံဖျော်ဖြေ၍ ဓမ္မပူဇာတေးများ သီဆိုပေးသော ဂီတကြယ်တံခွန်၊ စိန်ရူဝံ မင်္ဂလာဆိုင်းအဖွဲ့သားများနှင့် လူရွှင်တော် ကိုလှဟန်၊ စူပါဘဲတော၊ တေးသံရှင် ဖော်ဝေးနှင့် နီနီ၊ ပိုဒ်စုံရတု ရေးစပ်ပူဇော်၍ အခမ်းအနားအစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ပေးသော မင်္ဂလာရွှေဖျိုး။ မြန်မာ့ရိုးရာခြင်းဝိုင်းအဖွဲ့များ၊ ဝီရိယမင်းသားဝင်းနောင်နှင့် တေးဂီတအဖွဲ့၊ ဇော်ဂျီမောင် ကျောက်ဆည်ဆင်ကအဖွဲ့။ (၅)ရက်တိုင် စတုဒိသာကျွေးမွေးဧည့်ခံနိုင်ရေး စီမံဆောင်ရွက်ကြီးကြပ်ပေးသော ရွှေမုဋ္ဌောစေတီ ဂေါပကအဖွဲ့ဝင်များနှင့် ထွန်းတုံးရွာမှ ရပ်သူရွာသားများနှင့် အလှူတော်မင်္ဂလာပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြပါသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းနှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဧည့်ပရိသတ်အပေါင်းတို့အား ဂါရဝ တရားဦးထိပ်ထားလျက် ကျေးဇူးဥပကာရတင်ရှိကြောင်း မင်္ဂလာမှတ်တမ်းတင်အပ်ပါသည်။

အထူးအားဖြင့် အလှူတော်မင်္ဂလာပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြရာတွင် ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေး နှုတ်ဆက်ခြင်းများတွင် ပေါ့လျော့လစ်ဟာမှုများရှိခဲ့ပါက မေတ္တာကရုဏာတရား အရှေ့ထား၍ သည်းခံခွင့်လွှတ်ပေးကြပါရန် ကြွရောက်ချီးမြှင့်ပေးပါသော မိတ်ဆွေသင်္ဂဟအပေါင်းအား အနူးညွတ်တောင်းပန်အပ်ပါသည်။

**အလှူ့ဒါယကာ ဦးဝင်းမော် + အလှူ့ဒါယိကာမ ဒေါ်ခင်ညွန့်**

**သားသမီးမြေးတစ်စု**

**ပိုလာသောက်ရေသန့်နှင့် မြင့်မြတ်ချမ်းအေး ကုမ္ပဏီမိသားစုများ**

## ဒေါ်မြသွင်(၄င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိသူ ဒေါ်ခင်မာကြည်)တို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၃)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေကွက်၏ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် တပ်သား ကိုကိုနိုင် အမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ပြီး တပ်သားကိုကိုနိုင်သည် တိုက်ပွဲရှေ့တန်းတစ်နေရာတွင် ကျဆုံးသွားသည့်အတွက် နိုင်ငံတော်မှ (၆-၂-၁၉၉၂)ရက်တွင် တပ်သားကိုကိုနိုင်၏ မိခင်ဖြစ်သူ ဒေါ်မြသွင်သို့ အမွေခံအဖြစ် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ဒေါ်မြသွင် (၄င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ခင်မာကြည်)တို့ထံမှ ကျွန်တော် ဦးသိန်းမြအောင်(ဘ)ဦးတင်မောင်(၁၃/လရန(နိုင်)၁၂၀၁၇၅)က (၇-၈-၂၀၁၇)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဒေါ်မြသွင်(၄င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ခင်မာကြည်)တို့က ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်မြသွင်(၄င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ခင်မာကြည်)တို့နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ**

**ဦးသိန်းမြအောင် (၁၃/လရန(နိုင်)၁၂၀၁၇၅)**

**ဖုန်း ၀၉-၂၅၉၂၂၀၃၄၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈ဓ-၁၉)၊ ဦးပိုင်အမှတ်(၅၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမြင့်ရွှေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး အဆောက်အအုံ (၂)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးသိန်းတန်(ဘ)ဦးမှုံကြီး(၈/မခန(နိုင်)၀၅၆၁၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဒေါ်သဥ္ဇာသက်ထား** | **ဦးကောင်းမြတ်ထွန်း** |
| **(တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၃၉၅၃)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၂၀–ခ)၊ ၁၅လမ်းနှင့် ၈၈(D)လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၃၁၉၉၅၉၆၊ ၀၉–၇၇၁၁၀၁၀၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈ဓ-၃၅)၊ ဦးပိုင်နံပါတ်(၄၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ·၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဒေါ်တင်တင်နွဲ့ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ပွင့်ဖြိုးမြင့်(ဘ)ဦးတင်မြင့်(၉/မသန(နိုင်)၁၁၄၈၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** | **ဒေါ်မာမာဌေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈ဓ-၃၅)၊ ဦးပိုင်နံပါတ်(၁၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ ဒေါ်ကျော်မိုးသူ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်မောင်(ဘ)ဦးထွန်းတင်(၉/ပသက(နိုင်)၀၁၁၅၃၈)[၄င်း၏ကိုယ်စား ဒေါ်တင့်တင့်နိုင်(ဘ)ဦးမော်မော်နိုင်(၉/ခမစ(နိုင်)၀၅၀၁၄၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)** | | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** | | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၇)၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးမြင့်(ခ)TANG KYI LYAN အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်ကျော်(ခ) ဦးဟာဆန်(ဘ)ဦးဇက်အာဟာဒင်(၁၂/ပဘတ (နိုင်)၀၂၇၈၅၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးအောင်ဝင်းသူ (LL.B, D.B.L, D.I.L, WIPO)**

**ဒေါ်နှင်းဆုဝေ (LL.B, D.B.L, D.I.L)၊ ဒေါ်ခိုင်ဆုမွန် (LL.B, D.B.L, D.I.L)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးအာကာဇေယျ (LL.B)၊ ဦးသီဟရဲရင့် (LL.B)**

**အထက်တန်းရှေ့နေများ**

**တောင်ငူလမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

**ဖုန်း ➤ ၀၉-၂၅၉၉၀၁၁၀၁၊ ၀၉-၇၇၈၈၆၆၆၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၇)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမင်းသူ(ခ) ဦးအောင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်ကျော်(ခ)ဦးဟာဆန်(ဘ)ဦးဇက်အာဟာဒင်(၁၂/ပဘတ(နိုင်)၀၂၇၈၅၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးအောင်ဝင်းသူ (LL.B, D.B.L, D.I.L, WIPO)**

**ဒေါ်နှင်းဆုဝေ (LL.B, D.B.L, D.I.L)၊ ဒေါ်ခိုင်ဆုမွန် (LL.B, D.B.L, D.I.L)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးအာကာဇေယျ (LL.B)၊ ဦးသီဟရဲရင့် (LL.B)**

**အထက်တန်းရှေ့နေများ**

**တောင်ငူလမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

**ဖုန်း ➤ ၀၉-၂၅၉၉၉၀၁၁၀၁၊ ၀၉-၇၇၈၈၆၆၆၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၇၈/ပြည်လုံးကျော်)၊ ဦးပိုင်အမှတ်(၂/၁ဓ)၊ ဧရိယာ(၁ ဒသမ ၅၈)ဧက အကျယ်အဝန်းရှိ ဒေါ်အမေး အမည်ဖြင့် ပုံစံ(၇) ရရှိထားသော လယ်မြေကွက်အတွင်းမှ ဧရိယာ(၁ ဒသမ ၅၀)ဧက အကျယ်အဝန်းရှိ လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အမေး(ဘ)ဦးဖူးချစ်(ခ)ဦးအိုက်ခမ်း(၁၃/တကန(နိုင်)၂၃၈၁၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ မှတ်ပုံတင်မူရင်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးနိုင်ဝင်းအောင်** — **ဒေါ်အေးမိုးအောင်(LL.B)**

**စာချုပ်စာတမ်းနှင့် မြေယာအကျိုးတော်ဆောင်** — **အထက်တန်းရှေ့နေ**

**ဈေးချိုမင်္ဂလာစံရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၁၅၈၄၉၊ ၀၉-၇၈၅၅၁၁၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၆)၊ ၅၆လမ်းနှင့် ၁၀၂လမ်းထောင့်နေ ဦးသောင်းမြင့်ဦး(ဘ)ဦးရေပေါ်(၈/ရစက(နိုင်)၁၂၂၈၆၀)ကိုင်ဆောင်သူက အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကြေညာသူလက်ရှိသုံးစွဲနေသော ကြေညာသူအမည်ပေါက် မော်တော်ယာဉ်အမျိုးအစား(TOYOTA BELTA)ခဲစိမ်းရောင် မော်တော်ယာဉ်အမှတ်(7D/6368)မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်စာအုပ်၊ သွားလာခွင့်အပိုင်း၊ (ပိုးတက်)အပါအဝင် မော်တော်ယာဉ်နှင့်ပတ်သက်သော အခွန်ထမ်း စာရွက်စာတမ်းများကို သားဖြစ်သူ မောင်ဟိန်းထက်ဇော်(၉/ခမစ(နိုင်)၀၅၉၁၅၁)သည် ကြေညာသူသိရှိခြင်းမရှိဘဲ နေအိမ်မှ (၁၆-၁၀-၂၀၂၅)ရက်က ယူဆောင်၍ သွားပါသည်။

ယင်းမော်တော်ယာဉ်ကိုလည်းကောင်း၊ မော်တော်ယာဉ်၏မှတ်တမ်းမှတ်ရာများကိုလည်းကောင်း မည်သူတစ်ဦးဦးက လက်ခံထားခြင်း တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန် ကြေညာသူကတားမြစ်ပါသည်။

ဤကဲ့သို့ တားမြစ်ထားပါလျက် တားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်မည်ဆိုပါက ကြေညာသူက တည်ဆဲဥပဒေများနှင့်အညီ လုပ်ဆောင်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ကြေညာသူ-**

**ဦးသောင်းမြင့်ဦး(၈/ ရစက(နိုင်)၁၂၂၈၆၀)**

**ဖုန်း ➤ ၀၉-၂၅၆၃၅၆၄၅၆၊ ၀၉-၇၉၀၇၂၀၈၃၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၁၃၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးအောင်အောင်ကို(ဘ)ဦးမြင့်ကို(၅/အရတ(နိုင်)၀၆၁၁၃၀) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်အောင်ကို(ဘ)ဦးမြင့်ကို(၅/အရတ(နိုင်)၀၆၁၁၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးနေလင်းအောင် (LL.B)** — **ဒေါ်ချမ်းမြမိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**Office(1) - အမှတ်(တ-၂/၁၈)၊ ၁၀၂Aလမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**Office(2) - အမှတ်(ဆ/၈)၊ ၃၂လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၁၆၃၁၆၊ ၀၉-၄၀၀၄၃၁၈၆၅၊ ၀၉-၉၅၇၃၀၀၅၅၅**

## နှစ်ဦးသဘောတူ ထိမ်းမြားလက်ထပ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၁၄၂လမ်း၊ ၄၇လမ်းနေ ဦးအောင်အောင်+ဒေါ်ခင်စန်းမြင့်တို့၏သား ဦးမင်းခန့်ဇော်(၉/ပကခ(နိုင်)၀၃၈၂၄၉)နှင့် မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၈၆လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ အကွက်အမှတ်(၄၂၆)၊ မာလကာခြံရပ်နေ ဦးအေးလွင်+ဒေါ်တင်တင်အေးတို့၏သမီး ဒေါ်နိုင်မြတ်နိုးလွင်(၁/မကတ(နိုင်)၁၃၂၇၂၈)တို့၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမင်းခန့်ဇော်နှင့် ဒေါ်နိုင်မြတ်နိုးလွင်တို့သည် အရွယ်ရောက်ရှိသူများဖြစ်ကြပြီး အိမ်ထောင်ဖက်မရှိ လွတ်လပ်သူများဖြစ်ကြသောကြောင့်(၁၉-၁၀-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ် ရာသက်ပန် ပေါင်းသင်းနေထိုင်သွားကြမည်ဖြစ်သောကြောင့် လူကြီးများစုံရာ အသိသက်သေများရှေ့မှောက်၌ ထိမ်းမြားလက်ထပ်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်မေသူဝင်း LL.B, LL.M, DBL** — **ဒေါ်မြတ်နှင်းခိုင် LL.B**

**(တရားလွှတ်တော်ရှေ့နေ)** — **(အထက်တန်းရှေ့နေ)**

**ရုံး-အမှတ်(၆/၄)၊ အကွက်အမှတ်(၈၉၉)၊ ၃၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၆၁၀၀၀၇၄၊ ၀၉-၃၃၅၃၃၅၇၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၃၀)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမျိုးလွင် အမည်ပေါက်ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အုတ်တံတိုင်း ခတ်ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်ဝေဇင်ဦး(ဘ)ဦးမြသော်(၉/စကန(နိုင်)၀၅၆၂၂၂)၊ ၆၁လမ်း၊ ၁၁၇လမ်းနှင့် ၁၁၇-အေလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေသူမှ လက်ရှိဝယ်ယူပိုင်ဆိုင်သည်ဟု အဆိုပြုပြောဆိုပြီး ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောမူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဖြိုးဇော်(စဉ်-၁၃၃၂၄)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(စီ-၂၆)၊ ၄၂လမ်းနှင့် ၆၆-အေလမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၉၇၄၇၁၈၁၆၁၊ ၀၉-၄၀၂၅၁၅၁၇၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အောင်ချမ်းအေးရပ်နေ မိခင် ဒေါ်ခင်လှကြည်မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်(ဦးစိန်ဝင်း)၊ မိခင် ဒေါ်ခင်လှကြည်တို့၏ သားဖြစ်သူ မောင်သိန်းထိုက်အောင်(ခ)တာတီး(၉/မဟမ(နိုင်)၀၃၃၅၂၀)ကိုင်ဆောင်သူသည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲစေသောကိစ္စများပြုလုပ်ခဲ့သည့်အပြင် မိခင်၏ပြောဆိုဆုံးမမှုကို လက်မခံဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသောကြောင့်(၂၀-၁၀-၂၀၂၅)ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် မောင်သိန်းထိုက်အောင်(ခ)တာတီးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မိခင်ဖြစ်သူအနေဖြင့် မောင်သိန်းထိုက်အောင် (ခ)တာတီးကို သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** — **ဒေါ်ခင်လှကြည်(၉/ မရတ(နိုင်)၀၇၁၆၀၂)**

## အကွက်အမှတ်(ညည-၃၂)၊ ဦးပိုင်အမှတ်(၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၂)၊ ဦးပိုင်အမှတ်(၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဒေါ်ဌေးဌေးဝင်း အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက် ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးရန်စိုးဟုံး(ဘ)ဦးမိဆန်း(၁၃/လရန(နိုင်)၁၃၆၉၈၁)ကိုင်ဆောင်သူ၏ကိုယ်စား ဦးသိန်းနိုင်(ဘ)ဦးစစ်ထွေး(၉/ပသက(နိုင်)၀၇၁၉၃၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်မေ (LL.B) , ဒေါ်ယဉ်ယဉ်ဌေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၇)၊ ဦးပိုင်အမှတ်(၄၁-ဃ)ခဲစင်း၊ ၄၃လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဒေါ်မြရင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၇၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးကိုကိုမြင့်(၉/မဟာမ(နိုင်)၀၀၁၅၈၈)၊ ဒေါ်အေခင်မြင့်(၉/မဟာမ(နိုင်)၀၀၁၅၈၉)၊ ဒေါ်အေးသီတာမြင့်(၉/မဟာမ(နိုင်)၀၁၄၇၉၈)တို့က အမှုတွဲအမှတ်(၀၃၆၇/ဘ၊ခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(၈/၆၅၉)၊ ဒေါ်မာလာ ဂရန်အမည်ပေါက်မြေကွက်၊ အကျယ် ပေ(၆၀×၄၀)အနက်မှ အနောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်အပေါ်ရှိ (၁)ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသက်ထွန်းဦး(ဘ)ဦးမောင်ဝင်း(၉/မနမ(နိုင်)၁၁၄၀၃၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူ (LL.B , D.B.L , D.I.L) တရားလွှတ်တော်ရှေ့နေ**
**ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၂၅၁၀၁၀၂၀၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၄)၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်တင်စိန်(ဘ)ဦးထွန်းမောင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စောသီတာ(ဘ)ဦးအောင်ရှင်(၅/ထခန(နိုင်)၀၄၇၃၈၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁၊**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၄၄)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးငွေ(ဘ)ဦးဘိုးဆင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (မြောက်ဘက်အစွန်းဆုံးအခြမ်း၏ တောင်ဘက်ခြမ်း)၊ အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက်(၁၅)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ပြုံးပြုံး(ဘ)ဦးငြိမ်း(၉/မနတ(နိုင်)၀၁၂၂၂၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁၊**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၄)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တပ်ကြပ်ရဲတင့်(ကပ-၁၀၂၀၀၆)ကိုင်ဆောင်သူ အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏(အလယ်ခြမ်း)၊ အရှေ့-အနောက်(၄၅)ပေ၊ တောင်-မြောက် ပေ(၂၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝင့်ဝါခိုင်(ဘ)ဦးမောင်မောင်ကြီး(၉/ပကခ(နိုင်)၀၂၃၉၆၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁၊**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၆)၊ ဦးပိုင်နံပါတ်(၃၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်တင်တင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းနိုင်(ဘ)ဦးကျော်စိန်(၉/မနတ(နိုင်)၀၀၁၂၃၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင်(LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးသန်းလွင်နှင့် ဦးသိန်းဇော်တို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်အုံးမြင့်(ဘ)ဦးပိုင်(၅/စကန(နိုင်)၀၇၆၈၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမွတ္တား အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်သူ(ဘ)ဦးပတ္တမာလား(လ်)(ခ)ဦးကျော်ထွန်း(၅/တမန(နိုင်)၀၆၆၀၄၀)မှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်နံပါတ်(၇၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်စန်းစန်းဦး အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇေယျ(ဘ)ဦးသော်(၉/ကဆန(နိုင်)၁၄၂၃၈၂)မှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ် (၈၀) ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်စံပြကျေးရွာသို့ သွားရောက်၍ စက်ချုပ်နည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီး တစ်ပိုင်တစ်နိုင် စက်ချုပ်လုပ်ငန်းလုပ်ကိုင်နေကြသည့် သင်တန်းသူများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လုပ်ငန်းအရင်းအနှီးရရှိရေးတို့အတွက် ထောက်ပံ့ပေးလျက်ရှိသော စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တစ်ပိုင်တစ်နိုင် စက်ချုပ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော သင်တန်းသူငါးဦး၏ လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက်



တစ်ဦးလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သုံးသိန်းစီ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသူစားရိပ်သာကို ကြည့်ရှုစစ်ဆေးပြီး ရက်ကန်းနှင့်အထည်အလိပ်ကျွမ်းကျင်သူ (၁) နှစ်သင်တန်း၊ လက်ရက်ကန်း (၆)လသင်တန်း တက်ရောက်နေကြသော သင်တန်းသူများအတွက် ဆန်၊ ဆီစားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ ကျောင်းအုပ်ဆရာမကြီး၊ နည်းပြဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ လက်ရက်ကန်း (၆) လသင်တန်း တက်ရောက်နေသည့် သင်တန်းသူများ၏ လက်တွေ့သင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာသို့ သွားရောက်၍ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း RBF ရန်ပုံငွေဖြင့် မွေးမြူရေးအစုအဖွဲ့ လေးဖွဲ့၊ စုဖွဲ့ကာ ဆောင်ရွက်လျက်ရှိသည့် နို့စားနွား မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် ၃ မိုင် ၆ ဖာလုံအနက် ၂ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖို ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာသို့ သွားရောက်၍ မိတ္ထီလာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ငါးသင်းနှင့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းတစ်သင်းမှ အသင်းသားတောင်သူများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်သစ်စစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဒေါ်ကေသီကျော်၏ လယ်မြေ နှစ်ဧကတွင် TBL-195 ချည်မျှင်ရှည်ဝါမျိုး စိုက်ပျိုးထားမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ပြည်သူ့ဆေးရုံအား ပြန်လည်ဖွင့်လှစ်၍ ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့ ပြည်သူ့ဆေးရုံကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး သီပေါမြို့ပေါ်နှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည်။

သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် သီပေါမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ်အောက် ကလေးများအား အထူးအစီအစဉ်(Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက် ကလေးငယ် ၃၅၀ ကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## MNL (U-21) Youth League 2025 အမှတ်ပေးချန်ပီယံဆုကို ဒဂုံစတားယူနိုက်တက် ယူ-၂၁ အသင်းရရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပခဲ့သည့် MNL (U-21) Youth League 2025 Week 26 ရာသီပိတ် နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ဒဂုံစတားယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဒဂုံစတားယူနိုက်တက် ယူ-၂၁ အသင်းက ဆုမင်းအောင်၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရကာ ပြိုင်ပွဲ၏ ချန်ပီယံဆုကိုရရှိခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် ယနေ့နိုင်ပွဲကြောင့် ရမှတ် ၅၉ မှတ်ဖြင့် ချန်ပီယံဆုဖလားကို ရရှိခဲ့ပြီး ISPE အသင်းအနေဖြင့် နောက်ဆုံးအဆုံးအဖြတ်ပွဲတွင် အရေးနိမ့်ခဲ့ခြင်းကြောင့် ရမှတ် ၅၇ မှတ်ဖြင့် ဒုတိယနေရာနှင့်သာ ကျေနပ်ခဲ့ရသည်။

ယခုနှစ် MNL (U-21) Youth League 2025 အမှတ်ပေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် (၁၄)သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ရာသီကုန်တွင် ဒဂုံစတားယူနိုက်တက်အသင်းအနေဖြင့် ဒုတိယနေရာမှ ISPE အသင်းကို နှစ်မှတ်အသာဖြင့် ချန်ပီယံဆု ဖလားကြီးကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(NGB)